ပ ခု က္ကူ ဦး အုံး မေ တ ပေ ဆု ရ

# ရေကြည်စမ်းနှင့်ပန်းပင်လယ်

ကဗျာများ

## ကာနည်

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
- ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊
- အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

၂၀၀၉ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

တန်ဖိုး (၆၀၀) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေစိစစ်ရေး တာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

၂၀၀၉ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာပေဆု
ကဗျာပေါင်းချုပ် ပထမဆုရ

# ကဗျာများ

ဇာနည်

တည်းဖြတ်စီစဉ်သူ -ဒေါ်တင်မွှေး (မွှေးငယ်ငယ်)
စာတည်း

အဖုံးပန်းချီ - ကျော်ဖြူစံ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

# မာတိကာ


| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | ဝိသေသ | |
| ၂။ | မြတ်ချမ်းသာ | |
| ၃။ | ကျေးလက်ဂုဏ်ရောင် | |
| ၄။ | အမိုက်ဉာဏ် သည်အမော | |
| ၅။ | လမ်းအမှားဝယ် | |
| ၆။ | ဖန်ဆင်းခြင်း | |
| ၇။ | ရွာတစ်ခေါက် | |
| ၈။ | သူ့လက်တွင်းက သံသရာ | |
| ၉။ | မောင့်နှမ မြဝတ်လွှာ | |
| ၁၀။ | ဘဝအနှစ် အလှတန်ဖိုး | |
| ၁၁။ | တိမ်ယံမိုးသို့ | |
| ၁၂။ | မြန်မာအမျိုးသမီးတို့ ဂုဏ်မြေ | |
| ၁၃။ | ဝေလေ့အမွေ | |
| ၁၄။ | မိခင်စိတ် | |
| ၁၅။ | ဘဝနေဝင်ချိန် | |
| ၁၆။ | ကိုယ်ခံအား | |
| ၁၇။ | လမင်းတစ်ရာ | |
| ၁၈။ | ယောင်တောင်တောင် | |

| စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁၉။ | ခရီးတူ | |
| ၂၀။ | တောကနိုင် မြိုင်အတွင်း | |
| ၂၁။ | အပျော်မွေ့ သည့်ဓလေ့ဘုံ | |
| ၂၂။ | ရေဝန်းရွာလေး ညနေရီ | |
| ၂၃။ | မေတ္တာပြယုဂ် | |
| ၂၄။ | နည်းစရိုက် | |
| ၂၅။ | ဝဋ္ဋ | |
| ၂၆။ | လူသားတို့ဟန် | |
| ၂၇။ | အလင်းတန်း | |
| ၂၈။ | ချစ်ခြင်းဖွဲ့ အလွမ်းရတု | |
| ၂၉။ | ပင်ကိုစွမ်းအား | |
| ၃၀။ | ကိုယ့်အလှ ကိုယ့်ဘဝ | |
| ၃၁။ | တောဓလေ့မှုဟန် | |
| ၃၂။ | တို့ရွာနီ | |
| ၃၃။ | ဖူးငုံပွင့်နိုး | |
| ၃၄။ | တောင်ယာအလှ | |
| ၃၅။ | အလွမ်းတေးဖွဲ့ ဇရာအို | |
| ၃၆။ | လောကဓံဘုံဓလေ့ | |
| ၃၇။ | ကာလဝိပါက် | |
| ၃၈။ | အုန်းတက်သမား | |
| ၃၉။ | ချစ်ဇရာအမွေ | |
| ၄၀။ | လောကရှုခင်း | |
| ၄၁။ | ဆရာအို | |
| ၄၂။ | သဘာဝတို့ အမြူရောင် | |
| ၄၃။ | အလွမ်းပန်းချီ | |
| ၄၄။ | သဘာဝမြေ | |

| စဉ် | ခေါင်းစဉ်နည် | စာမျက်နှာ |
|---|---|---|
| ၄၅။ | ဝေဒနာပြတင်း | |
| ၄၆။ | အရိပ်မဲ့ ထိုအရောင် | |
| ၄၇။ | ခရီးရှည် | |
| ၄၈။ | သံသရာအရိပ် | |
| ၄၉။ | စည်းသုံးတန် | |
| ၅၀။ | လူ့ရိပ်မြို့ | |
| ၅၁။ | မျိုးမြတ်စေလေ့ | |
| ၅၂။ | ကြည်နူးဖွယ် | |
| ၅၃။ | သံသရာရဟတ် | |
| ၅၄။ | ဘဝဆည်းဆာ | |
| ၅၅။ | အဋ္ဌလမ်း | |
| ၅၆။ | မေတ္တာ စွမ်းအား ဘဝရှင် | |
| ၅၇။ | လေတစ်လှုပ်မှာ | |
| ၅၈။ | စုန်လေသည့်လမ်း | |
| ၅၉။ | လောကမြေမှာ | |
| ၆၀။ | ဘယ်ဝယ်ဆီ | |
| ၆၁။ | စရိုက်လမ်း | |
| ၆၂။ | အားသစ်ဖူးသည့် နွေဦးရိပ် | |
| ၆၃။ | နွေရတု | |
| ၆၄။ | သားမြတ်ရတနာ | |
| ၆၅။ | အရိုင်းမြေ | |
| ၆၆။ | နွယ် | |
| ၆၇။ | အလွမ်းတို့ရာသီ | |
| ၆၈။ | ဘဝထဲမှာ | |
| ၆၉။ | မြတ်ဆရာ | |
| ၇၀။ | ရွာပါမိုး | |
| ၇၁။ | မာနစိတ် | |

# ဝိသေသ

♠ တစ်နှစ်တစ်ကြိမ်၊ သည်အချိန်
ကထိန်ကာလ၊ မြတ်ဒါန။
တို့ပြည်အဝန်း ထူးခြားစွ။

♠ ပုန်းညက်စိုစို၊ မိုးတို့ညှိသည်
ဝါဆိုသင်္ကန်း၊ ကပ်လှူဒါန်း။
တို့ပြည်အဝန်း၊ ထူးခြားစွမ်း။

♠ နွေရာသီတွင်၊ ပြောသံလွင်သည်
သားရှင်ပြုပွဲ၊ ဒါနပွဲ။
တို့ပြည်အဝန်း ထူးခြားကဲ။

♠ ဆယ့်နှစ်လရာသီ၊ ပျော်မွေ့ကြည်သည်
ဘယ်ဆီမပြတ်၊ ကုသိုလ်ထပ်။
တို့ပြည်အဝန်း ထူးခြားမြတ်။

♠ တရားသံချွေ၊ မေတ္တာရေနှင့်
မျှဝေညည်၊ သာစုသံ။
တို့ပြည်အဝန်း ထူးခြားဟန်။

♠ ကျင့်မြတ်အပေါင်း။ သူတို့ကောင်းတို့.
ကိန်းအောင်းချမ်းမြေ့ တရားမွေ့။
တို့ပြည်အဝန်း ထူးခြားမေ့။

♠ စိတ်မွန်ထာဝရ
ဘဝငြိမ်းချမ်း။ ပြုံးရွှင်လန်းသည့်
ခြုံလွှမ်းအလှ၊ သဘာဝ၊
ကုသိုလ်ဒါန၊ မြတ်သီလ၊
အကျင့်ပီသ၊ ဂုဏ်စွမ်းလှ၊
နှင်းယှဉ်မရ၊ အေးရိပ်မြ။
တို့ပြည်အဝန်း ထူးခြားစွ။ ။

❖ ❖ ❖ ❖

## မြတ်ချမ်းသာ

♠ ထူးခြားမှုစုံ၊ ကိုယ်ပိုင်ဟန်နှင့်
နိုင်ငံတိုင်းများ၊ ဝေးကွာခြားလည်း။

♠ ရာသီမတူ၊ ဆန်းပြားမှုနှင့်
အဖြူအမည်း၊ လူမျိုးကွဲလည်း။

♠ ဇာတ်နိမ့်ဇာတ်မြင့်၊ မူအကျင့်နှင့်
အဆင့်ခြားနား၊ လွန်ကွဲပြားလည်း။

♠ ကိုယ်ယုံကြည်ရာ၊ စဉ်အလာနှင့်
ဘာသာအယူ၊ မူမတူလည်း။

♠ ယဉ်ကျေးသိမ်မွေ့၊ စရိုက်ဓလေ့နှင့်
ဓလေ့အမူ၊ ခြားနားပြုလည်း။

♠ အစစမှု
မတူကွဲပြား၊ မည်သို့ခြားလည်း
လူသားဟူက၊ တူညီမျှသည်
ဆန္ဒထန်ပြင်း၊ ချမ်းသာခြင်း။

- ♠ နေ့နေ့ညည
  လောဘမောဟ၊ သည်ဆန္ဒဖြင့်
  ဘဝသံသရာ၊ ရှည်ညောင်းကြာပေါ့
  မွေ့ရာခဲ့ခြင်း။ ချမ်းသာခြင်း။

- ♠ ချမ်းသာခြင်းဆို
  ကုသိုလ်ကောင်းမှု၊ စေတနာထုက
  ရှေးရှုစွမ်းဆောင်၊ မြတ်ဂုဏ်ရောင်
  အမှောင်ကိုခွင်း။ အခေါင်ချဉ်း
  အလင်းအေးမြ ငြိမ်းချမ်းစွ။ ။

❖ ❖ ❖ ❖

## ကျေးလက်ဂုဏ်ရောင်

♠ အစိမ်းအစိမ်း။ မြရည်လိမ်း၍
လေယိမ်းရာတွင်၊ ကကြိုးဆင်သည်
လယ်ပြင်အဝန်း။ ရှုမခန်း။

♠ အဝါအဝါ၊ ရွှေရောင်ဖြာ၍
ဘယ်ညာအလိုက်၊ ကကြိုးငိုက်သည်
ရင်၌ ရွှင်လန်း။ ပီတိလွှမ်း။

♠ ရာသီရာသီ၊ ခါအမီပေါ်
ပြာနီနှိုင်းညှို့၊ ဝါတာချိုနှင့်
အားတို့လန်းရွှင်၊ လုပ်အားယှဉ်။

♠ အညိုအညို၊ ရှားမလိုနှင့်
လေချိုမြူးချိန်၊ ကောင်းကင်တိမ်တို့
မာန်ရှိန်မှိုင်းမှိုင်း။ မျှော်လေတိုင်း။

♠ တစ်နေ့တစ်နေ့ တောဓလေ့ဖြင့်
ပျော်မွေ့လယ်ယာ၊ တွယ်အတာတို့
ထည်ဝါလျှမ်းတင့်၊ အနေမြင့်။

♠ အာရုံအာရုံ၊ အစုံစုံပေါ့
တောဂုဏ်ကြီးမြင့်၊ မြို့ဂုဏ်တင့်လိမ့်
ဂုဏ်တင့်မြို့ပြ၊ နိုင်ငံလှလိမ့်
လှပနိုင်ငံ၊ ပြည်ဖြိုးလျှံလိမ့်
ဖြိုးလျှံကြွယ်ဝ၊ သဘာဝလျှင်
လောကငြိမ်းအေး။ သောကဝေး
နေခြည်နွေးနွေး ကြိုင်လှိုင်မွှေး။ ။

❖ ❖ ❖ ❖

## အမိုက်ညဥ့် သည်အမော

♠ မရှိကို ရှိဟန်ဆောင်
မာနထောင် ဘဝမြင့်၊
ဝန်းကျင်ကို မှုမထား
ကြွားတလွင့်လွင့်။

♠ မတတ်ကို တတ်ဟန်ဆောင်
မာနထောင် ရင်ကိုကော့၊
ရွှေဘဝင်လေနှင်ပြောင်း
ခေါင်းတမော့မော့။

♠ မသိကို သိဟန်ဆောင်
မာနထောင် ဘဝင်ဟပ်၊
လောကနောင် သည်အတွေ့နှင့်
ငါကွသတ်မှတ်။

♠ အမှန်မရှာ
သံသရာတစ်လျှောက်လုံး
မောက်မဆုံး ဟန်တွေဆောင်။

♠ သဘောနိုင်
မနောဆိုင် မာန်အကြွမှာလ
မပြောပိုင် စံတမျှရယ်နှင့်
မမောနိုင် ဟန်အလှ
သည်ဘဝလှူဘောင်။

♠ သဘာဝတရား
ထာဝရအများတွေနှင့်
မာနအကြွားထွတ်ခေါင်
ဘဝအနှောင် အမှောင်ဖုံး။

♠ မကြည့်မမြင်
အသိမဆင်ခြင်လို့
စရိုက်အစဉ် မနောဟာဒယမှာ
အမိုက်ညှဥ်မောသမျှ
လောကအရှုံး။ ။

❖ ❖ ❖ ❖

## လမ်းအမှားဝယ်

♠ ပေးကမ်းစွန့်လှူ၊ စိတ်ထားဖြူလျှင်
သည်မှုလျှောက်လှမ်း။ ချမ်းသာလမ်းဟု။
သီလကျင့်ဝတ်၊ ယွင်းမချွတ်က
ကင်းလွတ်ရောဂါ၊ ဘေးကင်းကွာဟု။
ရုပ်နာမ်တရား။ ဖြစ်ပျက်ပွားက
ထင်ရှားလမ်းမှန်၊ ပြည်နိဗ္ဗာန်ဟု။

♠ တရားအရှိ၊ မထားသတိ
အမှားကြည့်မြင်၊ ဉာဏ်မထင်ဘဲ
ဆင်ခြင်မဲ့ရာ၊ ကာလကြာပေါ့။

♠ ပေးကမ်းလှူစွန့်၊ လက်ကတွန့်၍
ကြောက်ရွံ့တုန်လှုပ်၊ နောက်သို့ဆုတ်မိ။
သီလအကျင့်၊ အခါသင့်လည်း
အခွင့်ကျေပွ၊ အကြောင်းပြလျက်။
ရုပ်နာမ်အစ၊ ဉာဏ်မြင်နဟု
ရှုဖို့ရာဝေး၊ စိတ်မတွေးခဲ့။

♠ ဒါနသီလာ၊ ဘာဝနာတို့
သုံးဖြာကုသလ၊ စွမ်းအားလှကို
ဘဝအဆင့်၊ မြင့်ထက်မြင့်ဟု
မကျင့်မသိ၊ အမှောင်ဖိလျက်
ယောင်တိယောင်ဝါ။ လမ်းအများဝယ်
နွမ်းပါးဆင်းရဲ၊ ဩဃဝဲ
ဒုက္ခလက်တွဲ မွန်းနစ်မြဲ ။

❖ ❖ ❖ ❖

## ဖန်ဆင်းခြင်း

♠ မချင့်မတွက်၊ အကျင့်ပျက်လျက်
ပင့်သက်မထန်၊ ရင့်ကျက်ဟန်နှင့်
နက်ဖြန်မထား၊ ရက်ကျန်မနား
ခြေဖျားပင့်ထောက်၊ ရင်ကော့မောက်။

♠ မောဟာအမိုက်၊ လောဘစရိုက်
သောကအမြိုက်၊ မောဟိုက်ပင်ပန်း
ရင်နွမ်းအပူ၊ မမြင်စွမ်းသူ
ကြည်ဖြူဟန်သွင်း၊ ညီတူမာန်တင်း။

♠ ဘဝတစ်ခု၊ အလှအန
ယုယုယယ၊ ပြုသမျှတို့
တပအချိန်၊ လှူဘဝအိမ်ကို
အရှိန်ညှိုးခြောက်၊ တိမ်နှင့်ခေါက်သို့
ကမောက်ကမ၊ ကတောက်ကဆ
အောက်ကျနောက်ကျ ဖြစ်ပြန်ရော။ ။

❖ ❖ ❖ ❖

## ရွာတစ်ခေါက်

♠ ရွာဦးမှာ တန်ဆောင်းပြာသာဒ်
ကျောင်းဇရပ် ရေကန်သာ။

♠ ကုန်းကမူ
ထုံးဖြူဖြူ စေတီဘုရား
တံတားငယ် ချောင်းသွယ်ဆင်း
ရှုခင်းသာယာ။

♠ တောကျေးငှက်
ရောထွေးယှက် ညံစာစာ
မောင်တို့အညာ သဘာဝ၊
အညာဟန် အညာစရိုက်
နှစ်ခြိုက်ဖွယ်လှ။

♠ အရှိကို အရှိအတိုင်း
သဘောမရိုင်း စေတနာ။
အစဉ်အလာ
အကြင်နာ မေတ္တာတရား
ခင်မင်စွာ အပြစ်နှာမထား

မယုဉ်သာ ချစ်သဒ္ဒါပွား
စိတ်ထားထည်ဝါ။

♠ စာနာခရေ့ရယ်နှင့်
ဘာသာအငွေ့ လွှမ်းပတ်ခြုံလို့
ညှာတာသရွေ့ ပန်းမြတ်ထုံသို့
ခါခါမရွေ့ စခန်းရပ်ဘုံမို့
ရိုပ်မြုံလှ ဝေဆာဆာ
မောင်တို့အညာ ခါတစ်ခေါက်။

♠ လာမည်ဆို အမျှော်တောက်
ရောက်ဖြစ်အောင်ရောက်။ ။

❖ ❖ ❖ ❖

## သူ့လက်တွင်းက သံသရာ

♠ အသက်အရွယ်၊ ကြီးအငယ်တို့
ဘယ်ဝယ်တပ်အပ်၊ မသတ်မှတ်ပေ။

♠ ပစ္စည်းဥစ္စာ၊ ပြည့်စုံစွာနှင့်
မွဲပြာအစွဲထား၊ မခွဲခြားပေ။

♠ အတတ်ပညာ၊ ဂုဏ်ကြီးစွာနှင့်
ပညာမဲ့ဘိ၊ ခွဲမကြည့်ပေ။

♠ ရုပ်ဆင်းအင်္ဂါ၊ လှပစွာနှင့်
နံချာရုပ်ကြမ်း၊ မခွဲခြမ်းပေ။

♠ အသိအလိမ္မာ၊ ယဉ်ကျေးစွာနှင့်
ထင်ရာမိုက်မဲ၊ အဆင့်မခွဲပေ။
အဟောဝတ၊ သဘောကျ၍
လောကစည်းစိမ်၊ မာနထိန်လည်း
အရှိန်တွေမောက်၊ အချိန်ရောက်က
တစ်ယောက်မကျန်၊ မဖောက်မပြန်
မှောက်လှန်လည်စင်။ ကြောက်ရွံ့ခြင်းဖြင့်

ထောက်ညာမှုကင်း။ ရှင်သေမင်း၏
ဋွတ်ငြင်းမရ မလွတ်ကင်းသမျှ
ဝဋ်အတွင်းက သံသရာ
ချွတ်နှင်းကြရ ကံကြမ္မာ။ ။

❖ ❖ ❖ ❖

## မောင့်နှမ မြဝတ်လွှာ

♠ စမ်းတာဝါးဝါး၊ လယ်းအမှားဖြင့်
ဆန်ပြားသည်ပင်၊ ခမ်းနားထင်မိ
အမြင်အသိ၊ ရင်မငြိတော့
ယုဉ်မိယှဉ်ရာ၊ ဆင်ခြင်စရာ
မောင်ကြီးနှမ မြဝတ်လွှာ။

♠ မဖွယ်မရာ၊ တွယ်အတာဖြင့်
နွယ်ပမာရစ်၊ ခွယ်ရာချစ်လျက်
အနှစ်မသိ၊ ပြစ်မကြည့်တော့
ဖြစ်မိဖြစ်ရာ၊ အစစ်ကွာ
မောင်ကြီးနှမ မြဝတ်လွှာ။

♠ စရိုက်ပီပြင်၊ အလိုက်တီထွင်
အကြိုက်ညီယဉ်၊ ပြည်တစ်ခွင်ဝယ်
မိုယှဉ်ရှိသော၊ ချိုးအစားနှင့်
နှိုးကြားသည့်ဟန်၊ ဇာတိမာန်တို့
စံနမူနာ၊ ဝတ်ဆင်ရာ
မောင်ကြီးနှမ မြဝတ်လွှာ။

♠ ယဉ်စွာအငွေ့၊ ထင်ရာမရွေ့
ဓလေ့အညီ၊ အတွေ့မဝိ
မေ့သည်မရှိ၊ မွေ့ကြည်သိမ့်
အမိနေရာ၊ မွေးကြူစွာ
မောင်ကြီးနမ မြဝတ်လွှာ။ ။

❖ ❖ ❖ ❖

## ဘဝအနှစ် အလှတန်ဖိုး

♠ ရောင်စုံလှပ၊ ဘဝဤလူ့ဘောင်
ဝန်းကျင်လောက၊ သဘာဝစွမ်းဆောင်
ထွန်းပအရောင်၊ အခေါင်လျှမ်းတင့်
ကြိုးပမ်းဂုဏ်ရည်၊ မြဲနိုင်ကျည်
စေစည်အောင်ပန်းပွင့်သည်နှင့်လေ။

♠ လူတို့အခွင့်၊ လမ်းပွင့်ကမ္ဘာ
အလှပျက်စီး။ ဖျက်ဆီးစိတ်ယုတ်မာ
အကျင့်နံ့ချာ၊ ထင်ရာစိတ်ထား
အကျိုးမဆောင်၊ ပိန်းပိတ်မှောင်
လူ့ဘောင်အဖျက်မှားသည်နှင့်လေ။

♠ အတ္တကြီးမား။ စီးပွားချမ်းသာလို
ကိုယ်ကျိုးအတွက်၊ ငဲ့ကွက်အပြည့်ကို
ဝန်းကျင်တစ်ခို၊ ဘာကိုဂရုမစိုက်
လောဘမှောင်ထူ၊ ပွားတို့မှု
ထိုသူမလှ မိုက်သည်နှင့်လေ။

♠ မျှားကျိုးစရိုက်၊ အားမိုက်အလှဆင်
ရွယ်ဆောင်သသယ်ပိုး။ ကောင်းကျိုးဂုဏ်မြှင့်တင်
လောကတစ်ခွင်၊ ပီပြင်အလှနှလုံး
စေတနာချို မေတ္တာပို
ထိုသူအမြတ်ဆုံးရယ်နှင့်လေ။

♠ မွန်မြတ်မှုထုံး။ ကျင့်သုံးအလှတည်စေရာ
ရင်သပ်ရှုမဆုံး။ ခြယ်မှုန်းဘဝညီစေဖြာ။ ။

❖ ❖ ❖ ❖

## တိမ်ယံမိုးသို့

♠ လေတိုက်တိုင်းသာ၊ ပွင့်ကြွေပါမှ
ဘယ်မှာပန်းတွေ ဝေပေလိမ့်။

♠ ရေရိုက်တိုင်းသာ၊ ပျက်ကြွေပါမှ
ဘယ်မှာကမ်းတွေ ရှိပေလိမ့်။

♠ လေတွေစိုင်းသမျှ၊ ဒေါမာန်ထလည်း
ခထာပါပဲ သည်းအခြေ။

♠ ရေတွေရိုင်းပျ၊ လှိုင်းတွေကြွလည်း
ထာဝရ အမြဲမတည်ပေ။

♠ သဘာဝဘေး
ငေးမောနှမ်းလျ၊ လက်မှိုင်ချလျှင်
ဘဝမပီ၊ လူမည်တော့
လူသည်ခွန်အား၊ စွမ်းပကားတို့
လူသားတို့မာန်၊ အောင်ပွဲညံသည်
တိမ်ယံမိုးဖောက်၊ ဒူးမထောက်။ ။

❖ ❖ ❖ ❖

## မြန်မာအမျိုးသမီးတို့ ဂုဏ်ရွေ

♠ သဘင်အရာ၊ စဉ်အလာနှင့်
ထင်ရာမပြု၊ ယဉ်စွာနုသည့်
သုခုမ စွမ်း၊ အံ့မခန်းပင်
ရှင်လန်းဝေစည်၊ လေဘာတီဟု
ပြည်ရွာတစ်ခွင်၊ မပြရင်
ကြည်သာပီပြင်၊ အကယဉ်။

♠ အငြိမ့်တစ်ခေတ်၊ စွမ်းအားသစ်၍
ပြည်ချစ်ထင်ပေါ်၊ နိုင်ငံကျော်လျက်
စင်တော်ကကောက်၊ လျှမ်းလျှမ်းတောက်ခဲ့
တစ်ထောက်နီလုံ၊ မြို့ရန်ကုန်တွင်
လူကုံထံပိုင်။ သိုင်းဝိုင်းအလှာ
ပညာတတ်သိ၊ မြို့၏ မျက်နှာဖုံး
စုရုံး၍မွှဲ ညှော်ခံပွဲ၌
ထူးကဲရှင်ပျော်၊ ဝတ်လုံတော်ဟု
မြို့တော်ဝန်မင်း။ ရင်တွင်းသိမ့်သိမ့်
အငြိမ့်ကခွင်၊ မပြရင်အား
ရှုမြင်တိမ်းညွတ်၊ ခြေအိတ်ချွတ်၍

လွှတ်လပ်မှုဖော်၊ မြေသလုံးပေါ်အောင်
က သော်မြင့်မား၊ ရွှေဒဂါးတို့
နှစ်ပြားဆုချ၊ က ကို က ဟု။

♠ ယဉ်ကျေးဝေလှ၊ သိမ်အမွေ့ဖြင့်
ဣန္ဒြေရှင်၊ မမြရင်က
ကြည်လင်အပြုံး၊ ပီတိနှလုံး
တစ်လုံးတစ်ပါဒ၊ ဖွင့်မဟာဘဲ
ကမြတိုင်းက အငြိမ့်ခွင်
မြေဒီတ်မချွတ် ကကြိုးယဉ်
မြန်မာအမျိုးသမီး မမြရင်။ ။

❖ ❖ ❖ ❖

## မလေ့အမွေ

♠ တစ်နိုဝန်းကျင်၊ ညိုမင်းလွင်နှင့်
မြူမှင်သိုင်းချို၊ မိုင်းပျရီလျက်
ဝေသီမြင့်မား တောင်ပုပ္ပား။

♠ ပုပ္ပားတောင်မြတ်
တောင်ကလပ်အမော်၊ တောင်ထိပ်ပေါ်မှ
မျှော်ခေါ်ရှုမြင်၊ နယ်ရစ်ခွင်ဝယ်
ငွေမှင်ပြာရီ၊ ပုဂံပြည်နှင့်
ဘယ်ဆီရောက်ရမ်း၊ မှန်းတလွမ်းမိ။

♠ ထူးတင့်ထုံကြည်၊ ဖူးပွင့်ငုံစီ
ရာသီစရိုက်၊ ခါမိုလိုက်၍
နှစ်မြိုက်ဖွယ်လန်း၊ တော်ဝင်ပန်းနှင့်
တောပန်းတောင်ပန်း၊ လျှိုမြောင်စမ်းဝယ်
အပန်းလည်းဖြေ၊ အဆန်းတွေ့နှင့်
အနွမ်းလည်းပြေ၊ အလွမ်းဝေခဲ့
လှူရင်ရဟန်း၊ ရှုတင်စခန်း
ပူပင်မနွမ်း၊ အတည့်ရွှင်လန်း

လမ်းဖွင့်အမှောင်၊ စွမ်းအကျင့်ဆောင်
လျှမ်းတင့်အခေါင်၊ မှန်းချင့်အနောင်
တောင်ရိပ်စိုစို၊ တောရိပ်ညို
သူတော်စင်တို့ အေးရိပ်နှီ။

♠ တောတောင်ရေမြေ၊ သည်အမွေတို့
ရှုလေသဘာဝ၊ သည်အလှတို့
လောကအတွေး၊ သည်ဓလေ့တို့
ကြည်မွေ့ဖွယ်စုံ၊ သည်ရိပ်မြုံတို့
လှဂုဏ်တွေစု၊ ယဉ်ကျေးမှုတို့
နှိုင်းတုအပြိုင်၊ ငါတို့ပိုင်သည်
သည်းဆိုင်ငြိမ့်ငြိမ့် ဂုဏ်သိမ့်သိမ့်။ ။

❖ ❖ ❖ ❖

# မိခင်စိတ်

♠ ပုပ္ပားတောင်မြတ်၊ တောင်ကလပ်ဝယ်
သတ်မှတ်ဈေးတန်း။ ဈေးဆိုင်ခန်းတို့
ပန်းသည်ဈေးသည်၊ လေညာဆီမှ
ပုပ်ညှီအနံ့၊ လှိုင်လှိုင်ပျံ့သော်
ခြောက်လှန့်အော်ဟစ်၊ ခဲနှင့်ပစ်၍
စိတ်ညစ်ဖွယ်ကို၊ ကြိမ်းမောင်းဆိုသည်
"မိညိုမျောက်မလာပြီဟော့"။

♠ သည်တောသည်တောင်၊ သည်လျှိုမြောင်နှင့်
ညိုမှောင်ရိပ်သန်း၊ သည်စိမ့်စမ်းနှင့်
ပန်းတို့စုံလင်၊ သည်ဝန်းကျင်၌
ပျော်ရွှင်ဖွယ်မွေ့၊ သူ့ခလေ့၏
ချမ်းမြေ့နိုလုံ၊ အေးရိပ်မြုံဝယ်
မြူးခုန်ပျော်ပါ။ အစာစား
ပျော်ရွှင်ဖွယ်ရာ မျောက်အများ။

♠ မျောက်အုပ်ထဲမှ
ဝမ်းနည်းလိုက်ဖို့၊ မျက်ရည်စိုလျက်
မိညိုမျောက်မ၊ ဗျာပါဒနှင့်
သောကပူဆွေး။ ရင်သွေးသားချစ်
ဆို့နစ်ဖွယ်ရာ၊ ဝေဒနာတို့
ရောဂါဆိုးဖောက်၊ အသက်ပျောက်လည်း
ဖျောက်ဖျက်မှုကင်း။ စွန့်ပစ်ခြင်းမှ
အလျဉ်းမရှိ၊ တွယ်တာငြိ၍
မိမိရင်ဝယ်၊ သယ်ပိုးလွယ်လျက်
မေ့ကွယ်မရ၊ တမမနှင့်
မျောက်မမိညို၊ ချစ်အားပို
သားသေထွေးပိုက် လွယ်လျက်ကို။

♠ လောကမြေပြင်၊ ဘုံတစ်ခွင်ဝယ်
မိခင်ဟူသမျှ၊ နှိုင်းမရသည်
ရင်မှသည်းချာ၊ ချစ်မေတ္တာကို
ကမ္ဘာပျက်ကျေ၊ မပျက်လေသည်
သက်သေစံပွင့်၊ သတ္တိရင့်လျက်
ကြီးမြင့်ဂုဏ်ဆို၊ အားသစ်ပျိုးသည်
" မိညိုမျောက်မ လာပြီဟေ့"။ ။

❖ ❖ ❖ ❖

## ဘဝနေဝင်ချိန်

♠ ဖြစ်လျှင်ပျက်ရ၊ သဘာဝကြောင့်
လောကအစွဲ၊ ဘယ်မှာမြဲလိမ့်
ရှောင်လွှဲမရ၊ အနိစ္စ။

♠ ဖြစ်ခြင်းပျက်ခြင်း။ နှိပ်စက်ခြင်းကြောင့်
ထန်ပြင်းဝေဒနာ၊ ဆင်းရဲစွာလျှင်
ရောဂါဘယ၊ သည်ဒုက္ခ။

♠ အမြဲချမ်းသာ၊ တင့်တယ်စွာကို
ဖြစ်ပါစေလို့၊ တောင်းဆုဆိုလည်း
အလိုမလိုက်၊ အကြိုက်မတိုး
အစိုးမရ၊ အနတ္တ။

♠ အနိစ္စနှင့်
ဒုက္ခ အနတ္တ၊ ထင်ရှားပြလည်း
မောဟအဝိဇ္ဇာ၊ တဏှာဖိစီး
ခရီးတစ်လျှောက်၊ လမ်းတစ်ထောက်မှာ
လမ်းပျောက်၍သာ၊ ကာလကြာခဲ့

တွယ်တာအမြဲ၊ ချမ်းသာစွဲ၍
ယှဉ်တွဲမိုးရ၊ သည်အတ္တနှင့်
ဘဝ မိုးချုပ်ခဲ့လေပြီ။ ။

# ကိုယ်ခံအား

♠ ဝါဆိုဝါခေါင်၊ ရေဖောင်ဖောင်
သောင်ကမ်းမမြင်၊ စွမ်းအားဆင်
ရေဝတီ မြစ်ရေပြင်။

♠ လေရူးရေဦး၊ တွန့်လိမ်လူးလျက်
လှိုင်းမြူဂုန်းနိုင်။ ထင်ရာစိုင်းခဲ့
စိတ်ရိုင်းမာန်ဝင်၊ မာနယှဉ်၍
မြင်မြင်သမျှ၊ ဒေါသဖြိုးမောက်
မတ်စောက်ကမ်းပါး၊ မျိုဝါးလိုက်ဖြို
ရွာကိုမချန်၊ လယ်မကျန်အောင်
မြင်းထန်ဝေ့ဝိုက်၊ ရေဦးတိုက်၍
စရိုက်ကြမ်းတမ်း။ ဖုံးလွှမ်းနစ်မြုပ်
ပိုင်းခုတ်ချိုးဖျက်၊ အဓွန့်ဖျက်လည်း။

♠ အင်အားဖွဲ့ရှု၊ ကျစ်လျစ်မှုနှင့်
အံတုထန်ပြင်း။ ညီညွတ်ခြင်းကြောင့်
ရဲတင်းမာန်ပြည့်၊ ငွဲ့သတ္တိနှင့်
ဇာတိမာန်စစ်၊ မျိုးဂုဏ်ချစ်သည့်
အနှစ်ထင်လင်း။ ထိုမြစ်ကျဉ်းမှာ။

♠ မြစ်မင်းရေ
ညင်သာနုနယ်၊ မာနပြယ်လျက်
ဘယ်ဝယ်ဟန်မျိုးအားသွေဖည်
ရယ်ဖွယ်မာန်ကျိုးသွားလေပြီ။ ။

❖ ❖ ❖ ❖

## လမင်းတစ်ရာ

♠ လေပြင်းမုန်တိုင်း။ ဒီရေလှိုင်းတို့
ရိုင်းစိုင်းမွှေနှောက်၊ ညှာမထောက်ဘဲ
ဖောက်ဖောက်ပြန်ပြန်၊ ဒေါသထန်၍
မာန်ဖီရိုင်းပျ။ ထောင်းထောင်းထလည်း
ဘဝပျက်ကြွေ၊ နင်းဖျက်ချေလည်း
သည်မြေအလှ၊ အမှောင်ချလည်း
နှမ်းလျဖြစ်အင်၊ စွမ်းအားဆင်လည်း
ဆင်ကန်းတောတိုး၊ ရိုက်ဖြတ်ချိုးလည်း။

♠ အခြေအနေ၊ မတွေဝေဘဲ
လေပြည်လေညင်း။ အားမာန်သွင်း၍
ချစ်ခြင်းဖွဲ့သီ၊ မိုးသက်မှီ၍
နေခြည်တစ်ချက်၊ ခွင့်သာခိုက်ဝယ်
အားစိုက်မာန်ကြွ၊ ရန်နိုးထ၍
ဘဝမတ်ထူ၊ ညွှန့်ငုလူလူဖြင့်
ကိုယ့်မှုကိုယ့်ဟန်၊ စွမ်းအားသန်လျက်
မာန်ကိုမချ။ စိမ်းစိမ်းပြာသည်
အာဂမြက်ရိုင်း။ ပီတိလှိုင်း။

♠ သဘာဝ၏

လောကမြေကိုင်။ ချင့်တွက်နှိုင်း၍
အရိုင်းမဟုတ်၊ လူ့ဥသရုပ်ဝယ်
ဇပ်မိသဲတိုင်၊ စွဲကိုင်ဉာဏ်ရှိ
အသိမြင့်မား။ ရှိခွန်အားတို့
လူသားဆန်ဆန်၊ စွန့်စားမာန်နှင့်
ပြန်လည်ဖန်ဆင်း။ ဉာဏ်အခင်းဝယ်
လမင်းတစ်ရာသာပေလိမ့်။ ။

❖ ❖ ❖ ❖

## ယောင်တောင်တောင်

♠ ကြောင်ကြီးအိုအို၊ မှောင်ရိပ်ခိုလျက်
ချောင်ကြိုချောင်ကြား။ ကြွက်အများက
ပြေးလွှားဆော့မြူး။ ဟိုကူးသည်လျှောက်
မကြောက်မလန့်၊ မလေးခံ့တော့
ဟန့်တားမလွယ်၊ ရောင်လည်လည်
ကြောင်အိုအိုကြီးမျက်နှာငယ်။

♠ လူကြီးအိုအို၊ ဆည်းဆာညှိုဝယ်
လမ်းကြိုလမ်းကြား။ ရွေ့ရွေ့သွားရင်း
အင်အားဖွဲ့ထူ၊ တောင်ဝှေးကူလျက်
အပူဆင့်ကဲ၊ ဥစ္စာမဲ့တော့
ဆင်းရဲလေလေ၊ လောကမြေတွင်
လူတွေအများ။ မဆိုထားနှင့်
ခွေးများတွေ့တိုင်း ဝိုင်း၍ဟောင်
လူအိုအိုကြီး ယောင်တောင်တောင်။ ။

❖ ❖ ❖ ❖

# ခရီးတူ

♠ ဆုံရပ်နယ်
ဂုဏ်ခြပ်တွယ်စည်းမခြားပါနှင့်
ခရီးသွားအတူတူ။

♠ မမှားအသိယူ
အားချည့်မှု အရေးမလှရင်ဖြင့်
အားပြည့်သူအတွေးအဆနှင့်
မနားဖြည့်အတူ မနှေးတကွ
ဖေးမလိုက်ကူ။

♠ အမြင်မကျဉ်းပါနှင့်
ရင်တွင်းမှာ စေတနာအသန့်
ကောဖြန့်မေတ္တာထူ
ငြူစရာရှောင်ကွင်း။

♠ လိုရင်းမှာ
ကိုယ်ချင်းစာ အစဉ်ထာဝရတရားရယ်တို့
ယှဉ်ကာအများ မကြာမကြာပေါ့

အကြင်နာထားကာ အညာအတာနှင့်
အရာရာမနှောလှ
သောကတွေကင်း။ ။

❖ ❖ ❖ ❖

## တောဂနိုင် မြိုင်အတွင်း

♠ အခါကြုံ
ကာမဂုဏ် ဂယက်ဝဲ
ဖျက်ခွဲဖို့ စိတ်ကရည်။

♠ အပါးခွာ
မတားသာ အမောစွက်လေတော့
တရားရှာအပြောမခက်
တောထွက်တော့မည်။

♠ အနုသယ
သမုဒယကြိုးနိုင်ကျည်
ပိုင်းဖြတ်မည် စိတ်ဝေခွဲ။

♠ ဂန့်ိုင်ဆီး
မြိုင်ကြီးသေလာချောင်၌
ယောင်တောင်တောင် အနေမဖြောင့်လျှင်
မောင့်တစ်ယောက်တည်။ ။

❖ ❖ ❖ ❖

## အပျော်မွေ့သည့် မလေ့ဘုံ

♠ ကာမဂုဏ် အညှော်ထု
အဖော်စုမလေ့ဘုံ
ပျော်မှုနှင့် နေကုန်သည်
အတွေ့ စုံလိုက်စား။
အမှောင်ဖုံးတဲ့ အဝိဇ္ဇာရယ်
စိတ်တဏှာဖြိုးဖောက်ဝင်ကြွ။

♠ ပူလောင်ဘိကိလေသာ
ငြိပေကာ မရပ်မနား
အသိဝေဖြာ အမြတ်တရားကိုလ
အမှတ်မထားတွေးမရှုပါ။
သံယောဇဉ်ဖြိုးသန်ကြီးရယ်တို့
ပိုးဖလံမျိုးမို့ တိုးခဲ့လေရာ၊
အနိစ္စ ဒုက္ခ အဖြာဖြာကို
ရှုပ်သမျှအခါခါ ယှဉ်ကာမတွေးပါလို့
အစဉ်နှာသေဘေး မေ့မရသည့်အခြေ
တွေ့ရပြီလေ။

♠ နာမ်ရုပ်တို့ ဖြစ်ချုပ်တွေကို
အနှစ်ထုတ်ဖွေ ရှုစမ်းပါကြလေ။ ။

❖ ❖ ❖ ❖

## ရေဝန်းရွာလေး ညနေရီ

♠ ချိုးငှက်ကူသံ၊ ခါတွန်သံနှင့်
ဆက်ရက်ဆူညံ၊ ဘုတ်အိုသံတို့
မြိုင်ယံတောစပ်၊ လယ်မြေဖြတ်လျက်
မပြတ်ချိုကြည်၊ ညနေရီ
ရေဝန်းရွာလေးလှပန်းချီ။

♠ တိမ်နီတိမ်ပြာ၊ တိမ်အဝါနှင့်
နေခြည်အသာ၊ လေပြည်ဖြာလို့
ရွာစေလေပန်း။ ထုံကြည်လန်းလျက်
မျှော်မှန်းဘယ်ဆီ၊ ညနေရီ
ရေဝန်းရွာလေးလှပန်းချီ။

♠ ရွာဦးကန်သာ၊ မွှင့်ရွှေကြာနှင့်
ဘုရားတည်ရာ၊ ကျောင်းဝိဟာတို့
သံသာသီကျူး၊ ကျေးငှက်မြူးလျက်
ကြည်နူးဝေဆီ၊ ညနေရီ
ရေဝန်းရွာလေးလှပန်းချီ။

♠ နွားသံကျွဲသံ၊ ခလောက်သံနှင့်
လှည်းသံရှည်၊ ဟဲ့ငေါက်သံတို့
ဘဲခြံနံဘေး၊ လမ်းကလေးဝယ်
ပလွေတေးဖွဲ့သီ၊ ညနေရီ
ရေဝန်းရွာလေးလှပန်းချီ။

♠ ရွာသားအတူ၊ ရွာပျိုဖြူနှင့်
ဖေးကူမသူ၊ လယ်တောင်သူတို့
ဟန်မူရှင်လန်း၊ ယာလုပ်ငန်းမှ
ရွာလမ်းဝင်ပြီ ညနေရီ
ရေဝန်းရွာလေးလှပန်းချီ။

♠ တွယ်တာချစ်ခင်၊ သံယောဇဉ်နှင့်
ရင်မှာမွေ့ခင်၊ စွဲနိုင်ထင်လို့
ဝန်းကျင်မျှော်မှန်း၊ တောင်ပြာတန်းတို့
အလွမ်းဝေသီ၊ ညနေရီ
ရေဝန်းရွာလေးလှပန်းချီ။ ။

❖ ❖ ❖ ❖

## မေတ္တာပြယုဂ်

♠ ဇာတိဌာနေ၊ မွေးရပ်မြေသို့
သည်နှေဦးပေါက်၊ တစ်ခါရောက်ခဲ့
မရောက်သည်မှာ၊ ကာလကြာပေါ့။

♠ မြို့ကြီးရိပ်မြိုင်၊ သင်းပျံ့ကြိုင်လျက်
ကျောင်းထိုင်သည်မှာ၊ အတန်ကြာပေါ့
ဝါတော်သုံးဆယ်၊ သက်ငါးဆယ်။

♠ အပြန်ခရီး၊ အဆင့်ဆင့်စီးရ
လှည်းပြီးတစ်ဖန်၊ ကားတစ်တန်နှင့်
ချိန်မှန်ရထား၊ အမိသွားဖို့။

♠ လှည်းထွက်ခါနီး၊ ဆွမ်းအုပ်ကြီးနှင့်
ယိုစီးစိမ့်ကျ၊ မျက်ရည်စတို့
နွမ်းလျလှိုက်ဖို၊ အမေအိုး။

♠ ပူပင်သောက တဖွဖွနှင့်
ဦးချရှိမှာ၊ ကြင်နာစကား
နှလုံးသားပျံ့မွှေး၊ "လူကလေး…ရေ

ကားစီး ရထားစီး၊ သင်္ဘောကြီးပေါ်
ခရီးရှေ့ဆက်၊ အသိမက်၍
ခေါင်းလက်မထုတ်ပါလေနှင့်" တဲ့။ ။

❖ ❖ ❖ ❖

# နည်းစရိုက်

♠ ပန်းကလေးတို့ စိအရိ
ခူးခြွေမည်စိတ်မထင့်၊
နေခြည်မှာ လေပြည်မြူ
ဖူးငုံလို့ပွင့်။

♠ ပျားကလေးတို့ စည်းလုံးညီ
ပန်းဝတ်ရည်အားမာန်စိုက်၊
ဘုံရန်သူတွေလေတိုင်း
ဝိုင်းဝန်းတိုက်ခိုက်။

♠ ကျီးကလေးတို့ အားမာန်ချီ
စည်းလုံးညီ အမျိုးချစ်၊
သွေးထိလျှင် ဝိုင်းအုံမွှက်
ထိုးနှက်စနစ်။

♠ လူ့ဝန်းကျင် စောင်းကာငဲ့
သက်ရှိသက်မဲ့အတွေ့တွေ၊
စရိုက်ဟန်ကောင်းရာမှီးလို့
နည်းယူရပေ။

တို့ခုလေ တို့အခွေ
စိစစ်ဖွေကောင်းရေတာ၊
စရိုက်မညီ ရိုးရာပျောက်
ချင့်ထောက်တွေးရှု ။

❖ ❖ ❖ ❖

# ဝက်ရှူ

♠ မြစ်တို့ရေလေ၊ ကောက်အကွေ့ကို
အတွေ့ရှင်ဝယ်၊ မြင်သိလွယ်။

♠ သစ်ကောက်ဝါးကောက်၊ မြို့တစ်လျှောက်မှာ
ချင့်ထောက်၍ကြည့်၊ မြင်လွယ်သီ။

♠ အလှည့်အပြောင်း၊ နဲ့အစောင်းနှင့်
ကပြောင်းကပြန် ၊ အပြောင်းမြန်လျက်
အကြောင်းမတန်၊ တစောင်းညာဏ်တို့
မှောက်လှန်ပြုလွယ်၊ လူတို့နယ်မှာ
ဘယ်ဝယ်သဘော၊ ဘယ်မနောဟု
စစ်ကြောချိန်တွယ်၊ သိမလွယ်
နှစ်မျောထိန်ကွယ် ကြည့်မလွယ်။ ။

❖ ❖ ❖ ❖

## လူသားတို့မာန်

♠ တစ်ပင်လဲမှ
အပင်များစွာ ထူနိုင်၏။

♠ တစ်ပင်ကျိုးမှ
ဆတိုးများစွာ လန်းနိုင်၏။

♠ တစ်ပွင့်ကြွေက
အပွင့်များစွာ ဝေနိုင်၏။

♠ တစ်ပွင့်နွမ်းက
အပွင့်များစွာ လန်းနိုင်၏။

♠ မာန်ဟုန်ရိုင်းမိုက်
တိုက်ခိုက်ဆိုးညစ်၊ အို‥ နာဂစ်ငဲ့
ကောက်ကျစ်စဉ်းလဲ၊ ယုတ်မာရဲလည်း
ဖြိုခွဲခွဲရစ်၊ မည်သို့နှစ်လည်း
အလစ်ခြေဖျက်၊ သင်ရက်စက်လည်း
အသက်အိုးအိမ်၊ ဖျက်ဆီးနိမ်လည်း
အင်အားအရှိန်၊ မည်သို့ချိန်လည်း
ငြိမ်၍မခံ၊ လူသားမာန်လေ
တန်ပြန်သက်ရောက်၊ ဒူးမထောက်ဘူး
တည်ဆောက်အင်အား၊ စွမ်းပကားတို့

ဝင့်ကြွားဂုဏ်တင်၊ ထာဝစဉ်
မြင့်မားစုံလင်၊ အောင်ပွဲဆင်။ ။

❖ ❖ ❖ ❖

## အလင်းတန်း

- မျက်မမြင်တစ်ယောက်ကြည့်
  မမြင်သည့်လမင်းကို။

- မျက်မမြင်တစ်ယောက်အား
  ကြည့်ဖြားအပို။

- ပကာသန အခင်းမှာဖြင့်
  သဘာဝအလင်းရယ်နှင့်
  မာနကင်း စွမ်းအားချို
  တိမ်မှိုင်းညို အထင်းသာ။

- ရမ္မက်ဆင်
  မျက်မမြင်တစ်ထောင်ကြည့်သော်လည်း
  မမြင်သည့် အသွင်အပြင်၌
  မျက်မြင်သူ ထိုတစ်ယောက်
  ထိုးဖောက်အင်အား။ ။

## ချစ်ခြင်းဖွဲ့ အလွမ်းရတု

♠ ဓာတ်ကြိုးပြတ်၍
ဓာတ်လိုက်သည့်သား၊ အမြင်အားဖြင့်
ဝိုးဝါးမတွေ့၊ ခြေအနေတွင်
အမေအပူ၊ ဘယ်သို့ကူပါ့
အဖေအပူ၊ ဘယ်သို့ထူပါ့။

♠ မြွန်းဆိုသက်ဝင်
ဖခင်ဖြစ်သူ၊ စိတ်ထူပူလျက်
သည်းအူသားချစ်၊ ရင်သွေးနှစ်ကို
ဖွင့်လှစ်မေတ္တာ၊ ပြေးဆွဲရာမှ
သည်းချာရင်သွေး၊ သေဘေးမှလွတ်
မလွတ်ဖခင်၊ အသက်ငင်လျက်
အကြင်နာလမ်း ခွဲလေပြီ။

♠ မိဘမေတ္တာ၊ အကြင်နာတို့
ဘယ်ခါမှမှိန်၊ မခြောက်ခန်း
စွမ်းအားပြည့်ဖြိုး မိုးသို့တိုင်။ ။

❖ ❖ ❖ ❖

## ပင်ကိုစွမ်းအား

♠ မြေဆီမြေဆွေး။ ဩဇာကျွေး၍
ရေအေးချိုးပေး။ ယုယမွေး၍
မနေ့ရှင်သန်၊ အဖြစ်မြန်သည့်
ခြံထဲမှာပင်၊ ဘူးတစ်ပင်
စင်ခံ၍ထား။ ရွက်ဖားဖားနှင့်
ငွားငွားစွင့်စွင့်၊ သီးပုံပွင့်တို့
မြူးဝင့်ကြေညာ၊ မန့်ချာဟု
ထူးတင့်ဝေဆာ၊ ဂုဏ်အလွှာဟု
ငါငါအခေါင်၊ မာနထောင်။

♠ မြေဆီမကျွေး။ ရေမပေးဘဲ
အလေးဂရု၊ တွေးမရှုဘဲ
မယုမယ။ မတူးဆွဘဲ
အလေ့ကျပေါက်၊ လူးလွန့်မြောက်လျက်
တည်ဆောက်ဘဝ၊ အားမာန်ကြွလျက်
မာနကင်းစင်၊ စိမ်းလန်းရှင်
ဘူးစင်ဘေးနား။ ခံတက်ပင်။

♠ ထိုတစ်ညဥ့် လေပြင်းတိုက်၍
မှောက်မိုက်မည်းမည်း။ မိုးသည်းသည်း
လျှပ်ရောင်ဝင့်ကဲ၊ ဝုန်းဒိုင်းကြဲ။

♠ ကိုယ်ပိုင်မတည်၊ စင်ကိုမှီ၍
ဝေစည်လန်းရှင်၊ ထိုဘူးပင်သည်
စင်ပြိုပျက်ကျိူး။ အဖြစ်ဆိုးလျက်
ထိုးထောင်ကြေညက်၊ ဘဝပျက်
ဖူးငုံသီးရွက်၊ လွင့်ကြွေလျက်။

♠ ပင့်သက်မတွေ
ရွက်နုဝေလျက်၊ ပင်ခံတက်ကား
အားတက်ရှင်လန်း။ ပင်ကိုစွမ်း
ဘဝထုံမွှမ်း။ မဖြုန်းတမ်း
အလှခြုံလွှမ်း။ ဂုဏ်မနွမ်း
ခံတက်သတ္တိလွှမ်း။ ။

❖ ❖ ❖ ❖

## ကိုယ့်အလှ ကိုယ့်ဘဝ

♠ ဒိန်ခဲတစ်မြှု
ပေါင်မုန့်တစ်ကိုက်။

♠ သားကင်ရှူ
ဝိုင်က တစ်ကျိုက်။

♠ သူတို့ဂုဏ်ရှိန်
စည်းစိမ်အမြိုက်။

♠ ထနောင်းပင်ယှက်
ချိုးငှက်ကူလိုက်။

♠ ပဲလှော်လက်ဖက်
ထန်းလျက်တစ်ကိုက်။

♠ ပဲကြော်ဆီမွှေး
ရေနွေးတစ်ကျိုက်။

♠ ထန်းရွက်တဲနိုပ်
ဆေးလိပ်တစ်ရှိုက်။

♠ ဝန်းကျင်အလှ
အေးမြပျော်ပိုက်။

♠ တို့အလှ
တို့ဘဝ တို့နှစ်ခြိုက်။ ။

❖ ❖ ❖ ❖

## တောမလွှေမှုဟန်

- သဘောမှန်
လောကစံဥာဏ်တွေးဆ
ကံပေးသမျှ ရောင့်ရဲလွှယ်။

- အဝိုမတွက်
အလိုရမ္မက် လောဘမကြီး
လောကဓံီးအမြင်သန့်
သင်းပျံ့သည့်ဂုဏ်ဖြစ်
တောရပ်နယ်ပယ်။

- အစဉ်လာ
အကြင်နာ ဂုဏ်ညီအားတို့
မယှဉ်သာ တူညီထားလို့
စာနာသနား ကရုဏာကြွယ်
သံယောဇဉ်နွယ် စေတနာတင့်။

- လာခဲ့ပါ
တဖွဲ့စရာ အပြောမမွေ့ပါဘူး

မနောအတွေ့ ငုံအပွင့်ရယ်တို့
သဘောမတွေ့ ကြုံအသင့်ပါပဲ
တောဓလေ့ ဂုဏ်မြင့်။ ။

❖ ❖ ❖ ❖

ဇာနည် ၃၁

# တို့ဌာနီ

♠ တောနှင့်တောင်
လျှိုမြောင်စမ်း၊
ရန့်ဝေ ပန်းတွေခ
လှပ တင့်ဆန်း။

♠ ကန်နှင့်ဆည်
ရေကြည်သင်း။
အင်းအိုင်တွေ ခံ့ထည်စွ
လှပ ရှုခင်း။

♠ ငွေပင်လယ်
မြန်ကျယ်ဘိ၊
မြစ်ချောင်းတွေ ဝန်းရံခ
လှပလေ၏။

♠ လယ်နှင့်ယာ
ဝေဖြာယိမ်း။
ရာသီစုံအားမာန်ကြွ
လှပ အစိမ်း။

♠ တို့အမွေ
တို့ရေမြေ ထာဝရ
သဘာဝ မြတ်နိုးဖွယ်။

♠ ရှည်ကြာပြီ
သည်ဌာနီ ရာသီမှူ
လှပ ဆန်းကျယ်။

♠ ဘဝပေး
အလှဆေး ရောင်စုံခြယ်
ပြည့်စုံကြွယ် တင်မြတ်ထူ။

♠ မယှဉ်သာ
စဉ်အလာ ရွှင်စေလေ့ရယ်နှင့်
အကြင်နာ ဘဝင်ခွေ့
ချမ်းမြေ့ကြည်နူး။ ။

❖ ❖ ❖ ❖

# ဖူးငုံပွင့်နီး

♠ နှင်းဝတ်လွှာရုံ၊ တောစပ်ခြုံ၌
နေအရောင်ငွေ့၊ သွေ့စလေ့ဖြင့်
ပျော်မွေ့နိုလုံ၊ ပွင့်ဖူးငုံရယ်
ကြုံဆုံခဲ့မိ၊ ရင်မှာငြိခဲ့
မသိစိတ်ယှဉ်၊ သိစိတ်ဝင်လျက်
အကြင်နာဝေ။ ဇာနာတွေးမိ။

♠ ကလေကာဝ၊ အခြေမကျ
မြေခသက်ကြွေ၊ ပွင့်ဝေခဲ့မှု
ပန်သူမရှိ၊ မချိတင်ကဲ
ဝမ်းနည်းပက်လက်၊ မဆိုရက်ပေ
အခက်အနိုင်၊ သင်းပျံ့ရှိုင်လည်း
ကနိုင်တောပန်း၊ မွှေးကြူနမ်းဖို့
ဝမ်းသာကြည်နူး၊ ပွင့်ငုံဖူးရယ်
ရည်ရူးအိပ်ပျက်၊ နီးတစ်ဝက်ပေါ့
ရက်ဆက်မျှော်ကိုး။ ရက်စနိုးဖြင့်
လှဆိုးမောင့်ရင်၊ မွှေးဖို့ပြင်တော့
မြို့ငြင်မလား။ ဝေဝါးစိတ်ထင့်

အကျင့်မတန်၊ ဖောက်ပြန်တွေးတော
ရင်မောတိတ်တခိုး၊ ရွံ့ကြောက်စိုးမိ
ပွင့်နိုးတမ်းတ၊ ရင်နွမ်းလျကို
မှန်းဆခွင့်လွှတ်၊ စိတ်ကညွတ်လျက်။

♠ မောင့်ဖူးငုံရယ်
ရဂုံသာတင့်၊ ချိန်တန်ပွင့်၍
သခင့်အလို၊ မဖွင့်ဆိုလည်း
လင့်ကြိုလက်ကမ်း၊ မောင့်အနမ်းကို
ရောင်ရမ်းနှုတ်ဆက်၊ ရတ်တရက်ပေါ်
ပင့်သက်ကြိမ်ကြိမ်၊ နှလုံးအိမ်ဝယ်
မငြိမ်လှုပ်ခတ် တဖျပ်ဖျပ်။ ။

❖ ❖ ❖ ❖

## တောင်ယာ အလှ

♠ တိမ်ဖြူဆွတ်
တောင်အထွတ် မေးတင်
ပေယာင်မှာ အပြာနှ။

♠ တောသူပျို
တောင်ယာကို အလှဆင်းတယ်
အလွမ်းရေတာ။ ။

❖ ❖ ❖ ❖

## အလွမ်းတေးဖွဲ့ ဧရာအို

♠ အရှယ်တွေ ညောင်းပါလို့
ငယ်ပေါင်းတို့ ဘယ်မှာ
လွမ်းစိတ်တို့ ဖြာသည်
မွေးရပ်ရွာ ဟိုယခင်က
စာသင်ခဲ့တဲ့ကျောင်းကိုလေ။

♠ ကလေးရွယ်အမြဲ လက်ချင်းတွဲ၍
မခွဲဘဲအတူ၊ စိတ်ထားဖြူလျက်
ဟန်မူငယ်ပျော်သစ်၊ တေးကြော်ဟစ်လို့
မေ့ရစ်ဘူးထာဝစဉ်
စိတ်ထဲမှာ မြင်တော့တယ်
မရှင်ပျ ဧရာအိုမှာ
ဘာလိုလို ဟိုသည်မှန်းလို့
လွမ်းမိတယ်လေ။ ။

❖ ❖ ❖ ❖

## လောကစံ ဘုံဓလေ့

♠ ဟိုနားက သရက်ပင်။

♠ မထိန်ချန်
အချိန်တန်သူခိုး
အသီးကောင်းစင်။

♠ စရိုက်ဆိုးယုတ်
ရိုက်ချိုးပုတ်မခူးငင်
သူ့အသွင် ငြိမ်းအေးချမ်း။

♠ လောကစံ မထိုးနက်
ကိုင်းခက်စိမ်းလန်း။

♠ သည်နားက သရက်ပင်။

♠ မထိန်ချန်
အချိန်တန်သူခိုး
သီးပွင့်စုံလင်၊
စရိုက်ဆိုးယုတ်
ရိုက်ချိုးပုတ် ခူးဆွတ်ငင်

သူ့အသွင် မငြိမ်းချမ်း။
လောကစံထိုးချေနက်
ကိုင်းခက် ညိုးနွမ်း။။

♠ ဖူးငုံပွင့်သီးစုံလင်
သရက်ပင်ဖြစ်ချင်စမ်း။
သဘောမှန်
လောကစံ ကြုံခဲ့တွေ့
မမောဟန် ဘုံဝေလှော့မို့
အားပြည့်ထုံမွှမ်း။ ။

❖ ❖ ❖ ❖

## ကာလဝိပါက်

♠ မရှိမာန၊ ရှိမာနနှင့်
မသိမာန၊ သိမာနတို့
မာနထွတ်ခေါင်၊ လူတို့ဘောင်ကား
ဝတ်နှောင်လည်ပတ်၊ ခြားရဟတ်သို့
မပြတ်တွေ့ကြုံ၊ လောကဘုံ။

♠ အပေါ်ရောက်နိုက်၊ အောက်လူ့သိုက်ကို
ပြိုက်ပြိုက်တံတွေး။ စွန့်ပစ်ထွေးလျက်
အလေးမမှု၊ ဖေးမကူဘဲ
မတူမတန်၊ တစ်ယူသန်ဖြင့်
မှုဟန်ကြော့ကြော့၊ ရင်ကိုကော့လျက်
ခေါင်းမော့မာန်ဝင့်၊ အနေမြင့်၍
အဆင့်ဂုဏ်ရှိန်၊ တထိန်ထိန်။

♠ အောက်သို့ရောက်နိုက်၊ ထက်လူ့သိုက်က
ပြိုက်ပြိုက်တံတွေး။ စွန့်ပစ်ထွေးပေါ့
အလေးမမှု၊ ဖေးမကူဘဲ
မတူမတန်၊ တစ်ယူသန်ကြောင့်

ပူပန်နွမ်းလျ၊ မရှင်ပျနိုင်
သောကဖိစီး၊ ဒုက္ခမီးနှင့်
နှိုးမိုးဘယ်ဝယ်၊ မျက်နှာငယ်လျက်။

♠ ကာလစီပါက်၊ ခရီးဆက်၍
မပျက်ကြမ္မာ၊ မရှန်းသာ
ဘဝသံသရာ၊ လည်ပတ်ရာ
မာနနှောင်ဝတ်မလွတ်ပါ။ ။

❖ ❖ ❖ ❖

## အုန်းတက် သမား

♠ လမ်းသွယ်လမ်းသေး၊ မနေးထွက်ဝင်ကာ
ရပ်ကွက်အတွင်း၊ ပူပြင်းကြမ်းတမ်းစွာ
ဘဝ ဝမ်းစာ၊ သမုဒ္ဒရာ နက်ရှိုင်း
အုန်းသီးခူးသည့်၊ အုန်းပြင်သည့်
ဝေစီသံကျယ် လှိုင်းရယ်နှင့်လေ။

♠ သူများစေခိုင်း၊ မဆိုင်းလျင်မြန်
ဓားကို ခါးထိုး၊ ကြိုးကို ရစ်ပတ်ပြန်
အုန်းပင်ခြေကန်၊ လက်သန်ကြိုးတန်း
စည်းချက်ညီကာ၊ ကျင်လည်စွာ
အထာသူကျွမ်း စွမ်းသည်နှင့်လေ။

♠ လုပ်ခွင်လုပ်ငန်း၊ ကြိုးပမ်းသတိယှဉ်
အုန်းခိုင်ကြိုးချ၊ ခဏလေးမှာပင်
ခုတ်ဖြတ်ပြုပြင်၊ သန့်စင်ရှင်းလင်း
တစ်ပင်ပြီးလျှင်၊ နောက်တစ်ပင်
ပီပြင်တက်ကာ ဆင်းသည်နှင့်လေ။

♠ လုပ်အားခရင်း။ ဆန်ကြမ်းနှင့် ဆီဝယ်
စိတ်အားမငယ်၊ နေ့ရယ်ညကူး
ဇနီးရင်ဖို၊ တဲရိပ်နို
စောင့်ကိုမြင်ရောင် မြူသည်နှင့်လေ။

♠ ဘဝလွှန်လူး ချွေးများမသုတ်ချင်၊
အလှကြည်နူး အတွေးများအဟုတ်ထင်။ ။

❖ ❖ ❖ ❖

## ချစ်စရာအမွေ

♠ အခါသင့်၍
မြို့နှင့်ဝေးကွာ၊ ကျေးတောရွာသို့
မကြာခဏ ရောက်နေကျ။

♠ တောစလေ့မှု၊ တောငွေ့ထူလျက်
တောသူတောင်သား။ နှလုံးသားတို့
ရိုးသားဖြူစင်၊ သံယောဇဉ်နှင့်
ယုယပြုစု၊ စာနာမှုနှင့်
စေတနာထု၊ ဖော်ရွေမှုနှင့်
မတုမပ၊ သဘာဝနှင့်
ဖေးမကူခြင်း။ ရိုင်းပင်းခြင်းနှင့်
ပွင့်လင်းသည့်ဟန်၊ သဘောမှန်နှင့်
ဉာဏ်မကောက်ကွေ့၊ ရိုးရာမွေ့လျက်
ထွေးပွေ့စဉ်လာ၊ မြတ်နိုးစွာ
ယဉ်ကျေးမှုတို့ ခိုင်ခံ့စွာ
ဖြန့်ဖိုးရင်မှာ ဂုဏ်ယူစွာ။

♠ မြေကြောရှု့၍
ကျူသည့်ချိန်ခါ၊ ကမ္ဘာရွာမှာ
မိဒီယာ သတင်းခေတ်၊ စွမ်းအားသစ်လည်း
ချစ်စရာ အမွေ၊ တို့ရေမြေဝယ်
ဖွာနေအလှ ဘဝပန်းချီ
ညာခွေအမျှ နှစ်ဆတည်။ ။

❖ ❖ ❖ ❖

# လောကရှုခင်း

♠ နွေနေအကြမ်း
လေပွေသရမ်း
နွေစခန်းမို့ ပူစမ်းပါစေ။

♠ လောကစံရေး ဖန်ခါခါ
သဘောမှန်တွေး မြန်မကြာ
ကံကြမ္မာ အငဲ့အစောင်း
သံသရာ အလှည့်အပြောင်း
လမ်းကြောင်းမှန် မှာန်ကိုသွင်း
အားတင်းပါမေ။

♠ နွေပြီးရင်မိုး
လက်ချိုးကာ မရေတွက်နိုင်
မိုးရေစက် ငွေမြားတံ
တိမ်နဘံ ထိုးကာဖောက်
မိုးရောက်တော့မလေ
မတွေဝေအမြင်ရှင်း။

♠ ဟော ဝဋ္ဋာတစ်နို
ပြာပြာညိုမှိုင်းရိပ်ဆင်ပေါ့
လေပြည်အသွင် ခွန်အားသစ်တွေနှင့်
မြူရစ်တွေ မနောအကြွမှာ
လောကရှုခင်း။ ။

❖ ❖ ❖ ❖

## ဆရာ့အိုး

♠ ဇရာအဆင်းအသွင် မည်ညည်းချင်ဖြောင့်ပါရဲ့
ယာခင်းပြင် ခရီးနှင် မထောင့်ပါဘူး
ဆီးပင်စောင့် ဆရာ့အိုး။

♠ ခေါင်းလောင်းသံလွင်
ကျောင်းခန်းတွင် စာသင်ချိန်ဟု
စိတ်မငြိမ် ဘယ်ဝယ်မှန်းပါလို့
အတိတ်ရှိန် လွယ်လွယ်လှမ်းကာဖြင့်
အရိပ်အိမ် ငယ်ရွယ်စခန်း
လွမ်းမျက်ရည်စို့။

♠ အနှစ်ကြည့်မွေ့
အပြစ်မရှိပေ ရွယ်အလိုက်သာပ
ချစ်တာပည့်တွေ ငယ်စရိုက်တွေနှင့်
နှစ်ခြိုက်စွာ ဘဝရေရှေးကိုလ
အလှတွေဝေးကာ သင်ဆရာ၌
အကြွင်းနာ စေတနာမွေးပါလို့
ပညာရေး တွေးဆပို
ဘဝထိုထို ရောင်အလင်း။

♠ တစ်နေ့စောင်းပေပေါ်
ကိုယ့်အကြောင်းသတိဝင်လို့
အသိယှဉ် ပင်စင်စားပေမို့
ဆင်ခြင်တရား သံဝေဂိုလျက်
ဆရာအို ဆီးပင်အောက်ဆီက
ဘာလိုလို ခရီးနှင်လျှောက်တယ်
လွမ်းလောက်တဲ့အခင်း။ ။

❖ ❖ ❖ ❖

## သဘာဝတို့ အဖြူရောင်

♠ အဘိဓမ္မာ
ဣဿာနှင့် လူသား။
သားအပေါ်
ထားမမျှော် မေတ္တာခဲ့
ရှင်းသန့်အင်အား။

♠ သဘာဝဟန်
မာနထန်လူသား။
စိမ့်ကျပြန်
နိမ့်ကျဟန် မြေခွယ်ကျိုး
ငိုက်ညှိုးလို့သွား။

♠ အတ္တထု
မြတ်သမျှယု လူသား၊
မငြိုငြင်
နဂိုပင် ရှုံးမတွက်
ပြုံးမပျက်ဝင့်ကြွား။

♠ ဒေါသထောင်

လောဘမျောင် လူသာ။

ကြွားဟာစ်ချင်

သားချစ်ရင် အချိန်ပြည့်

သိမ်မွေ့လိုသွာ။ ။

❖ ❖ ❖ ❖

## အလွမ်းပန်းချီ

♠ တောင်သမန်အင်း။ ညနေခင်း၌
လေညင်းချိုကြည်၊ မြူမှိုင်းရီလျက်
ဘယ်ဆီမှန်းမှန်း။ ရင်မှာတမ်း၍
လွမ်းမောဖွယ်ရာ၊ ရှုခင်းသာ။

♠ ဦးပိန်တံတား။ ကမ်းခြေများသို့
ရှည်လျားသွယ်တန်း။ လျှောက်လှမ်းကြည့်နှုး
တိမ်ဦးပန်းချီ၊ ခေးစုံညီလျက်
တေးသီငှက်ကျေး၊ ဟို‥ အဝေးမှာ
မြူဖွေးစေတီ စီအရီနှင့်
ကြည်လင်လှိုင်းထ၊ အင်းရေလှုတို့
ဘဝတင့်မော၊ ငါလွှင့်မျှောမိ။

♠ ဟိုးရှေးဂုဏ်အင်း၊ စုံအလင်ပေ့ါ
ဝန်းကျင်သည်ရပ်၊ ရှေးမင်းမြတ်တို့
ဇာတ်လမ်းတွေတွေ၊ မှတ်တမ်းတွေနှင့်
အခြေလည်းတင့်၊ အနေမြင့်ခဲ့
တွေးချင့်ခံစား။ မြင်ယောင်ကြားမိ

အင်းအားနိုင်ကျည်၊ လွမ်းပန်းချီ
ရှမောဘယ်ဆီ၊ လွမ်းတေးသီ။

♠ အင်းတောင်သမန်၊ လေညင်းခံ၍
တေးသံပျံ့ချို၊ နေညိုညို
အပြန်လမ်းမှာ ရင်ဖိုဖို။ ။

❖ ❖ ❖ ❖

## သဘာဝ မြေ

♠ အစီးအပွား
သပိုးသား ခုနစ်ယောက်
ထွန်းတောက်ခဲ့ မိသားစု
ကျေးမွေးပြုစု မညည်းတွား
အင်အားသစ်တို့ နှောင်ရစ်ချည်။

♠ မနွမ်းမလျ
ပန်းသမျှ မဖြင်ငြိ
စွမ်းအားတွေပို ခရီးလျှောက်
ဒူးမထောက် လက်မမြှောက်
ရှုံ့မကြောက်ချိုကြည်။

♠ အချိန်တန်အရွယ်ရောက်
ဘဝတစ်ထောက် ခရီးပေါက်
အားတည်ဆောက်အတောင်စုံညီ
ဟိုအဝေးဆီ ခရီးဆက်။

♠ မိတ်နှစ်ဖြာ
သမီးသား ရတနာတွေလှပ
ဘဝတွေ ရွှင်မြူး၊ ကြည်နူး
ပီတိပွင့်ဖူးအလျှံစေ
ဆန်ရေတက်တက်၊ မတက်တက်။ ။

❖ ❖ ❖ ❖

## ဝေဒနာ ပြတင်း

♠ လက်ဖက်တစ်ပွဲနှင့်
အရက်နည်းလုချည်။

♠ ရတနာ
ဘဝအလှွာ ထိန်ဝေတောက်
ငါ့ကဗျာ စိန်ရွှေကျောက်
တောင်းမောက်အပြည့်။ ။

❖ ❖ ❖ ❖

# အရိပ်မဲ့ ထိုအရောင်

♠ နေမိုးနှင့်
ချောင်းရိုးနံဘေး၊ အိမ်ကလေးဝယ်
ညရေးမှောင်မှောင်၊ ခွေးကဟောင်။

♠ အိမ်ဦးခန်းတွင်
ရေချမ်းအိုးစင်၊ ထိန်ထိန်ညီးလျက်
ပွားစီးမေတ္တာ၊ ဘာဝနာနှင့်
ရင်မှာရွှင်ပျ၊ အိမ်ရှင်မက
ချိုမြသံစဉ်၊ ကြေးစည်လွှင်။

♠ ထိုအချိန်တွင်
အိမ်ရှင်ယောက်ျား၊ ခြေကားယားနှင့်
စကားရင့်သီး၊ ဒယီးဒယိုင်
မနိုင်ပုဆိုး၊ စရိုက်ဆိုးတွယ်ဖက်
မရက်ရင့်ကျူး၊ အရက်မူးလျက်
စူးရှနံ့သက်၊ အိမ်ပေါ်တက်။

♠ အင်အားရှယ်ဖွင့်
သားနှင့်သမီး။ ဖယောင်းမီးနှင့်
ကြိုးဆီး ဆူညံ တကျက်သံ။ ။

❖ ❖ ❖ ❖

# ခရီးရှည်

- သုံးဆယ့်တစ်ဘုံ
  ဘူတာရုံ မပြတ်သွား၊
  သံသရာ ခြားရဟာတ်
  လှည့်ပတ်ရထား။

- ခရီးပန်းတိုင်
  မဟောနိုင်လမ်းမပျက်၊
  ကိုယ်လိုရာ မရောက်မချင်း
  ဆင်းသူဆင်း တက်သူတက်။

- သံသရာ သည်ရထား
  မရပ်မနား ကာလကြာ
  အစိမ္ဘာအမှောင်လွှမ်း
  မျက်ကန်းထင်ရာ၊
  အဖော်မင်
  အပျော်အရွှင် ခဏတဖြုတ်
  သောကသမုဒ်ဒိုရိုက်ဖြာ
  ဘဝတဏှာ မတည်မြဲ၊

မပေါင်းအမှန်
အကြောင်းကံအဖော်ပြု
မောသူ့ရယ်ပွဲ။

♠ ခရီးသွား အတူကြုံ
ခဏဆုံ သည်တစ်ကွေ့၊
သည်ရိပ်မြုံတွဲသမျှ
ကွဲရစေလေ့။

♠ ဖြစ်ချင်ရာ အမြဲပေါ့
ဘယ်တော့မှ မဖြစ်လာ၊
မဖြစ်ချင်တာ အစဉ်တွဲ
ဖြစ်မြဲ ဓမ္မတာ၊
ချစ်လျက်ကွဲ
ဖြစ်ပျက်မြဲ ဝိပ္ပလ္လာ
မမြဲခန္ဓာညာဏ်မတွက်။

♠ မော်စရာ အခြေ
ဖော်သဟာတွေ တွယ်တာမပြီး
မျှော်ကာလေ ဘယ်မှာမနီး
ခရီးဆက်ထွက်။ ။

❖ ❖ ❖ ❖

# သံသရာ အရိပ်

♠ သဘာဝလျှင်၊ အသိယှဉ်မိ
ဝန်းကျင်ဝေလေ့၊ မျက်စိရှေ့တွင်
လက်တွေ့ဂုဏ်သိမ်၊ မြတ်စည်းစိမ်တို့
အရှိန်လျှံညီး၊ ချမ်းသာကြီးကြ
ပစ္စည်းဥစ္စာ၊ မွဲတေစွာဖြင့်
တားစရာမဲ့၊ အနေမဲ့လျက်
နံ့နဲ့ထန်သည်း၊ ဆင်းရဲကြီးကြ။

♠ ဉာဏ်အလွှာထည်၊ အသိကြွယ်လျက်
ကြီးကျယ်ဂုဏ်ဖြိုး၊ ပညာတတ်ကြ
အမှတ်ချွတ်ယွင်း။ အသိကင်းလျက်
ပြိန်ဖျင်းဉာဏ်ပဲ့၊ ပညာမဲ့ကြ။

♠ ရုပ်ဆင်းစုံညီ၊ နှမျှသည်မှ
စိုပြည်ညက်ညော၊ လှပချောကြ
မက်မောမှုကင်း။ မွဲခြောက်ခြင်းဖြင့်
ရုပ်ဆင်းမမှန်၊ အကျည်းတန်ကြ။

♠ အနာကင်းလပ်၊ ချမ်းသာထပ်၍
ထူးမြတ်ဂုဏ်ရည်၊ အသက်ရှည်ကြ
မကြည်မလင်၊ ရောဂါဝင်၍
နာကျင်ညည်းငို၊ သက်တမ်းတိုကြ။

♠ ကြင်နာသနား၊ စဉ့်ရိုးသားလျက်
စိတ်ထားဖြူစင်၊ သိမ်မွေ့ယဉ်ကြ
အသွင်မောက်ကြွ၊ အာယာတနှင့်
မာနထောလွှမ်း၊ မိုက်ရိုင်းကြမ်းကြ။

♠ ဘဝတစ်နို၊ လူထိုထိုဝယ်
ကိုသိုလ်ကောင်းမှု၊ မကောင်းမှုတို့
ရှေးရှုအတိတ်၊ စွမ်းဆောင်စိတ်က
အရိပ်မှန်လှ၊ ရှေ့ဆောင်ပြသည့်
ကမ္မသတ္တိ၊ ဗိဇရှိ၏
အသိမှန်ကန်၊ သတိဉာဏ်ဖြင့်
လမ်းမှန်ရှေ့ရေး၊ အစဉ်တွေး၍
ပျိုးမွေးဘဝ လှစေလို။ ။

❖ ❖ ❖ ❖

# စည်းသုံးတန်

♠ ရာမဇာတ်မှ
ဒသသဂီရိ၊ စွမ်းရည်ရှိလည်း
သတ္တိဂုဏ်မော်၊ ဟိုးဟိုးကျော်လည်း
မတော်အမှား၊ သူလှည့်စားလည်း
ထင်ရှားနွယ်ရိုး၊ ဘိလူးမျိုး။

♠ ညီတော်လက္ခဏ
တွက်ဆမြော်မြင်၊ သတိယှဉ်၍
ဆင်ခြင်မှုနောက်၊ နောင်တော်နောက်သို့
တစ်ထောက်မြိုင်ဝနာ၊ လိုက်၍ရှာရန်
သီတာဒေဝီ၊ မဟေသီကို
ယုံကြည်လုံးဝ၊ စိတ်မချနိုင်
ဖွင့်ဟဘေးရန်၊ အဖန်ဖန်ပင်
သုံးတန်စည်းတား၊ မကျော်လွှားဖို့
မမှားသေချာ၊ မိန့်ဆိုမှာ။

♠ သီတာဒေဝီ
မတည်စိတ်ထား၊ တိမ်လွင့်ပါးသို့

လှည့်ဖြားပရိယာယ်၊ နည်းစုံကြွယ်သည့်
ရန်စွယ်ဘီလူး၊ အသွင်ထူးကို
ကြည့်နူး၍မော်၊ စည်းများကျော်
မတော်အမှား၊ ရန်မီးပွား
ဘီလူးနယ်ခြား၊ အော်မကြား။

♠ အနုပညာစည်း
ဘာသာစည်းနှင့်
ဇာတိမာန်စည်း
ထိုစည်းသုံးတန်၊ အခြေခံ၍
ဖောက်ပြန်မရှိ၊ မှောက်လှန်မကြည့်
အရှိအမှန်မှု၊ အသိဉာဏ်ကူ
မတ်ထူနိုင်နိုင်၊ မယိမ်းယိုင်မှ
မွှေးကြိုင်သင်းပျံ့၊ ဂုဏ်ထည်ခံ့လိမ့်
ရှင်းသန့်တည်ကြည်၊ ဘဝပီလိမ့်။

♠ လေမှာလွင့်မြူး
ဘီလူးပရိယာယ်၊ မြူအဆွယ်ကို
ရန်စွယ်မမျှော်၊ စည်းများကျော်လျှင်
ဂုဏ်မော်ဝင့်ကြွား၊ ကျွတ်ကျွတ်ဝါးလိမ့်
အမြင်မတော်ဆင့်ပွား၊ တစွတ်စွတ်စားလိမ့်

အမှားဘေးမြင်၊ အတွေးယှဉ်
အစဉ်နှိုးကြားနိုင်လေမှ။ ။

## လှူရိပ်မြုံ

♠ စိမ်းလဲ့ရယ်တဲ့ညှိုမှောင်။
ပင်ဝါးရုံလေယူတိမ်းတယ်
ယိမ်းနွဲ့မြောက်တောင်။

♠ တောင်လေတိုက်၍
ဦးငိုက်၍တိမ်း၊ မြောက်သို့ယိမ်း။
မြောက်လေတိုက်၍
ဦးငိုက်၍တိမ်း၊ တောင်သို့ယိမ်း။

♠ အရှေ့အနောက်၊ တောင်မြောက်ဘယ်ညာ
တွယ်တာတိမ်းငဲ့၊ ယိမ်းနွဲ့နွဲ့
ချည့်နဲ့အားမာန်၊ စရိုက်ဟန်တို့
လေထန်လေပြင်း၊ လေပြည်ညင်းလည်း
မငြင်းဟန်ပြ၊ နွဲ့လျလျနှင့်
ဘဝလမ်းကြုံ၊ ဝါးတစ်ရုံ။

♠ အခက်အလက်၊ ကိုင်းချင်းယှက်၍
အရွက်စိပ်စိပ်၊ စည်းလုံးစိတ်နှင့်
မထိတ်မပြာ၊ အရိပ်ဖြာလျက်

သိက္ခာရှိရှိ၊ အားမာန်ပြည့်သည့်
အသိမြင့်မြတ်၊ စိတ်ဓာတ်တို့
မတ်မတ်ခိုင်ခိုင်၊ ယိမ်းမယိုင်ဘဲ
ရင်ဆိုင်ကျော်လွှား၊ ဂုဏ်မြင့်မားသည့်
စွမ်းအားမာန်ဟုန်၊ ဆီးတစ်ခြုံ
ဖြစ်ချင်စမ်းဘိ လူ့ရိပ်မြုံ။ ။

❖ ❖ ❖ ❖

## မျိုးမြတ်ဓလေ့

♠ အားချည်နဲ့ တွေးဆပူ
ဖေးမကူ တူညီအား၊
စေတနာ စဉ်လာကောင်းနှင့်
ပေါင်းစုစွန်အား။

♠ ဒုက္ခတွေ့ ဓလေ့ကြုံ
ကူမွေ့ဆုံ စာနာသနား။
ကရုဏာ မေတ္တာလွှမ်း
ရွှင်လန်းစေသာ။

♠ မောသမျှသောကပူ
ကြင်နာမှုအစဉ်ထောက်ထား။
ဟိုယောင်ယောင်ရှောင်မနွဲ့
ငဲ့ညှာသနား။

♠ အခွေးဖက် ရတက်ဆူ
အားပေးထူမြှုစင်သား၊
ကိုယ်ချင်းစာ ယုယမပြတ်
မွန်မြတ်နလုံးသား။

♠ သဟာဒွေ
ကမ္ဘာမြေ မွေ့ရာကြည့်
စဉ်လာရှိ တို့မြန်ပြည်။

♠ အဖြေရှာ
စေတနာ သဒ္ဓါလှ
မွေးမြတ်ပုံကြည်။

♠ ထင်အရှား
အသွင်ခြားတို့ဂုဏ်ရည်
စိတ်မြတ်တည် ချိုကြည်မွေ့။

♠ ဘဝတာ
အလှဖြာ တို့မြေရပ်
မျိုးမြတ်ဝေလေ့။ ။

❖ ❖ ❖ ❖

# ကြည်နူးဖွယ်

♠ စေတနာအားအင်ထုနှင့်
သားရှင်ပြုအလှူတော်၊
ရွာအငွေ့ခလေ့ထုံး
ရွာလုံးရွှင်ပျော်၊
စည်းလုံးမှု သရုပ်ပေါ်
လုပ်အားနော် အတူနွဲ့
စဉ်အလာ စရိုက်ဘဝ
လှပသည့်ပွဲ။

♠ ညနေရီ ရှင်လောင်းလှည့်
စည်ပါရဲ့ ရွာလမ်းပေါ်၊
ရွှေထီးတွေ တဝင်းဝင်း
မြင်းနှင့် လှည့်သော်၊
ဆိုင်းချက်က ဗေထိခေါ်
လှည်းပေါ်မှာ မင်းသမီးက၊
ရွာပျိုဖြူ အလှခြယ်မှုန်း
ရွာလှငယ် တရှန်းရှန်း
အုံးအုံးကိုထ။

♠ ချိန်ဆည်းဆာ အရုဏ်ဦး
စိတ်ကြည်နူး လွမ်းမောဖွယ်၊
ဝီးထိန်ထိန် ရောင်ရှိန်ဟပ်
မဏ္ဍပ်မှာကွယ်၊
ဆွမ်းကပ်ဖို့ စေတနာကြွယ်
ပိုင်းကူသယ် မြင်ဆင်တုန်း။
ရွာလယ်ပေါ်
သံဃာတော်တန်းစီကြွပေ့ါ
သည်အလှ ပီတိထန်လို့
စည်ဖြောသံ ဆိုင်းညံ့လှုပ်
တုပ်‥ ပလုပ်တုပ်‥ မြုန်း။ ။

❖ ❖ ❖ ❖

## သံသရာရဟတ်

♠ သားရေသမီးရေး၊ စီးပွားရေးဟု
အရေးများစွာ၊ အကြောင်းရှာလျက်
တွယ်တာသမျှ၊ မိသားစုနှင့်
ရေးရှအားစိုက်၊ နှစ်မြှုပ်ခံမင်
ဂုဏ်အင်ကြီးစွ၊ အနှစ္စဟု
မိဘနှစ်ဖြာ၊ အိုမင်းစွာကို
စာနာချင့်တွေး၊ အသိဝေးလျက်
လုပ်ကျွေးသမျှ၊ မပြုရတဲ့
ယုယမခင်၊ ရောင်ဖယ်ကြည်၍
မိုက်ညည်မရက်၊ ကျင့်ဝတ်ပျက်ခဲ့။

♠ ကာလရထား၊ ရွေ့ရွေ့သွား၍
အင်အားယွင်းအို၊ ဆည်းဆာညိုဝယ်
ဘယ်ကိုလွှမ်းတ၊ မျက်ရည်စနှင့်
မှန်းဆဆင့်ပွား။ သမီးသားတို့
တစ်ပါးရပ်နယ်၊ မိုနိုတွယ်လျက်
အားငယ်တွေဝေ၊ မလာပေဟု
မျှော်လေလေကျွမ်း။ သောကလမ်းဝယ်။

♠ တနာအကြည့်၊ ခုမှသိပေါ့
မချိနောင်တ၊ သိမှောင်ကျလျက်
ဘဝဆင်းရဲ ဒုက္ခဝဲမှာ
ငိုပွဲခုမှ ဆင်မိသည်။ ။

❖ ❖ ❖ ❖

## ဘဝဆည်းဆာ

♠ ကောင်းကင်ပြာမှတ်၊ တိမ်ဖြူဆွတ်
စိန်ရောင်အနားကွပ်၊
လေချိုဖြန်းဆွတ် ဆည်းဆာချိန်
ရောင်စုံမြူးကွန့်တိမ်၊
နေခြည်အရှိန် မိုက်မှောင်ဖျော့
အလှကွယ်ပျောက်ပေ့ါ။

♠ ရာဂစိုစွတ်၊ ကိလေညွတ်
မာနခေါင်အထွတ်၊
အပျော်လှမ်းဆွတ် မော်ကြွားချိန်
ကြည်နူးတောက်ပထိန်၊
ကာလအရှိန် မိုက်မှောင်ဖျော့
ဇာချွေးနစ်လေပေ့ါ။ ။

❖ ❖ ❖ ❖

## အတ္တလမ်း

♠ စိတ်အလို ရမ္မက်ဆိုးတွေနှင့်
အရိပ်မို့ အခက်ချိုးပါလို့
အတ္တကျိုး ရှေ့တန်းတင်။

♠ အထင်အမြင်
မဆင်ခြင် မတော်အမှားကိုလ
အသွင်အပြင် အမော်အကြွားတွေက
အထင်းသားပေါ်လွင်။

♠ အကြောင်းမတန်
တစောင်းညာထိ အတိုက်အခြိုးတွေနှင့်
မကောင်းကြံ ရိုက်ဆိုးပါလို့
ပြောင်းဆန်အောင် အမိုက်တိုး
ငါ့ကောင်းကျိုး ဘဝတစ်ခွင်
အလှမယှဉ်လောဘလွှမ်း။

♠ မှုချစ်စရာ
လူ့ဖြစ်လာ တဒင်္ဂလေးမှာဖြင့်

အထင်ကရ အတွေးစုံကြောက်ခမန်းပါပဲ
တစ်ထောက်စခန်းမှာ အနှောက်ခလှေ့ရယ်တို့
လျှောက်လှမ်းရာ ကောက်အကွေ့တွေနှင့်
ခြောက်သွေ့ညစ်နွမ်း။ ။

❖ ❖ ❖ ❖

## မေတ္တာစွမ်းအား ဘဝရှင်

♠ အဆုပ်တီဘီ၊ နာတာရှည်လျက်
ကြုံလိုယဲ့ယဲ့၊ ချည့်နဲ့နဲ့နှင့်
မငဲ့ခန္ဓာ၊ ဝေဒနာတို့
အနာထန်ပြင်း။ သည်းခံခြင်းဖြင့်
သေခြင်းမရထာ၊ ရှုမှတ်ဆဲ၌
ဘဝချုပ်ငြိမ်း သိမ်းလေပြီ။

♠ မဟာထေရ်ရှင်၊ ရောဂါဝင်တော့
လူရှင်တပည့်၊ ဝိုင်းအုံညိုလျက်
တတ်သိအမွန်၊ ဆရာဝန်ပါရဂူ
ပင့်ယူခေါ်ပြ၊ ဆေးကုသတော့
နည်းကျစနစ်ဟန်၊ အချိန်မှန်ပင်
ထိန်ချန်မပျက်၊ ဆေးသောက်ရက်တို့
ပိုးများသေပျက်၊ မကူးစက်ဖို့
ထက်မြက်သည့်ဆေး ချိန်ဆပေးခဲ့။

♠ မဟာထေရ်ရှင် စိတ်အစဉ်ဝယ်
ပိုပြင်လေနက်၊ နှိုင်းချိန်စက်မိ

အသက်များစွာ၊ သတ္တဝါတို့
ခန္ဓာငါ့ကို၊ မှိတ်တွယ်နှိုက်ကြ
ထိုထိုအသက်၊ သေကျေပျက်ဖို့
ငါ့တွက်ရှင်ရေး၊ များစွာသေးကို
သေဘေးကိုကြိုး မသောက်လိုတော့
ဖြစ်လိုရာဖြစ်၊ ဖျောက်ဖျက်ပြစ်၏။

♠ မေတ္တာဝေဖြိုး၊ စေတနာမိုးနှင့်
ကိုယ်ကျိုးမယှဉ်၊ ထေရ်အရှင်၏
ကြည်လင်အဓိဋ်၊ ဝိပြင်စိတ်တို့
ဦးထိပ်ဆင်သ၊ ဖူးမဝသည်
လောကပြုနိုင်ခဲ့ပေစွ။ ။

(ရေနံချောင်းဆရာတော်ဘုရားကြီးသို့)

❖ ❖ ❖ ❖

## လေတစ်လှပ်မှာ

♠ ဘဝဟူသည်၊ တိမ်ပန်းချီသို့
မှုန်ရီမှေးမှေး။ ခဏလေးပါ
မနေးချင့်တွက်၊ လျှပ်တစ်ပြက်သို့
ရေပွက်တစ်မျှ၊ တဒင်္ဂပါ၊
ခဏမကြာ ရော်ရွက်ဝါသို့
အညာကိုင်ဖြုတ်၊ လေတစ်လှပ်ပါ။

♠ မဆင်ခြင်မိ၊ ယှဉ်မကြည့်၍
မချည့်ဝေဒနာ၊ မသိကြာခဲ့
ခုတ်ရာတခြား၊ ထိတခြားနှင့်
သိမှားရိပ်မြူ၊ အတ္တခြုံလျက်
လူ့ဘုံဝေလေ့၊ ထိုအတွေ့ကို
မွေ့မွေ့ခင်ခင်၊ ကြင်ကြင်နာနာ
တွက်တာသမှု၊ ကိလေထုနှင့်
လူမှုထွေထွေ၊ ပူပူကာငြေ
အနေရဲရဲ၊ မကြေမကွဲ
အစွဲခုတိုင် ယိမ်းမယိုင်
လောဘမောဟာသောကနိုင်။ ။

❖ ❖ ❖ ❖

## စုန်လေသည့်လမ်း

♠ ဆည်းဆာနေညို၊ အဖေဒိုင်၏
ယွင်းယိုမနေး၊ ကျန်းမာရေးဟု
လူလေးအမြန်၊ မိဘထံသို့
ပြန်လာစေသော၊ ဖုန်းဆက်ပြောတော့
သို့လောသို့လော၊ မစစ်ကြောမိ
အမောတစ်ဝက်၊ သောကစွက်၍
အသက်မီရန်၊ အမြန်ပြန်မှ
ကြုံဆတွေး၍၊ လေးဂရုဖြင့်
ပူမှုရောင်ရှိန်၊ ပြင်ဆင်ချိန်။

♠ တိုက်တိုက်ဆိုင်ဆိုင်၊ ငိုင်ငိုင်ငူငူ
အပူမီး၊ ချစ်ဇနီးက
သမီးငယ်လေး၊ ယုယတွေး၍
သွေးလွှန်တုပ်ကွေး၊ ဆေးရုံပြေးစို့
ပူဆွေးသောက၊ မျက်ရည်စနှင့်
ရတ်တရက်ထဖြစ်ပေါ်လာ။

♠ အစုန်အဆန်
အမုန်ချင့်တွက် မရင့်ကျက်မိ
ပင့်သက်ဖန်ဖန်၊ အဖေ့ထံသို့
အမှန်ပြန်ရက်မရှိသေး။ ။

❖ ❖ ❖ ❖

## သောကမြေမှာ

♠ မမြော်မြင်
အဖော်မင် အခြေပေ့ါပါလို့
အပျော်ခင် အနေကြော့တယ်
မသေတော့မှာလို့။

♠ သဘာဂအနှောင်
ကာမမှောင် အပိုစရိုက်ကိုလ
ဘာမှမရှောင် အလိုလိုက်ပါလို့
ပါပအခေါင် ထိုအမိုက်ကို
အားစိုက်သကို့။

♠ သဘာဝတရားတွေနှင့်
ကာလရထား တစ်ရွေ့ရွေ့နှင်တော့
မာနအကြွား မွေ့မွေ့ခင်လည်း
တစ်နေ့နေ့ အသွင်ခမ္မာကိုင်းပါလို့
တမြေ့မြေ့ပင် မှန်စွာထိုင်းပြီပေ့ါ
ဇရာပိုင်းက တစ်စစအို
မရအကြိုပေ့ါလက်တစ်ကမ်း။

♠ လောကအခြေ
မောသမျှတွေ မှုတစ်ရပ်ပေပေါ့
လောဘမြေ အခုမပြတ်ပါဘူး
သောကအခြေ အပူထပ်သော်လည်း
အဆင့်မှတ်ကာ ရပ်နားမ်အစုကို
ပညတ်အလွှာ သရုပ်သဏ္ဌာန်အထုရယ်နှင့်
သင့်မြတ်စွာ အဟုတ်အမှန်မရှုလျှင်
အေးမှုခြောက်ခန်း
ကွယ်‥ အဆွေးထုနှင့် လျှောက်လှမ်း။ ။

❖ ❖ ❖ ❖

## ဘယ်ဝယ်ဆီ

♠ တစ်နေညီ
အမေ့အို ဘယ်ဆီမှန်း
အဖေအို ဘယ်ဆီတမ်း
အလွမ်းတို့ မြေမဆည်။

♠ အကြီးသား
စီးပွားရှာ မြို့ကိုတက်ပါလို့
ကြင်ဘက်လျာ ဇနီးမယားရယ်နှင့်
သမီးသား စုံညီ။

♠ သားအလတ်
စစ်တပ်မှာ တာဝန်တွေနှင့်
ကျေပွန်စွာ ရှေ့ခေါင်းမှာကွဲ့
ပြည့်ဝန်ထမ်း သမီးငယ်လည်း
တစ်နယ်တစ်ကျေး ခရီးရှည်
သားငယ်သည် ဟိုရွာရောက်။

♠ အိမ်အိုအို
မငြိမ်သက်ို စိတ်တွေပြေးပါလို့
ငေးမောကာ အထီးကျန်လျက်
ရင်တွင်းထန် မိဘအိုတို့
အလိုလို အားတွေချည့်ပါလို့
ရင်ဖိကာ ဘယ်ဆီမှန်းပါရ
အစဉ်အသိမှာ တွယ်မှီစခန်းမှာ
လွမ်းမျက်ရည်ပေါက်။ ။

❖ ❖ ❖ ❖

## စရိုက်လမ်း

♠ အတိမ်အနက်
ငြိမ်သက်ကြည်လင်၊ ကန်ရေပြင်။

♠ ညင်သာအေးစိမ့်
ငြိမ့်ငြိမ့်ရစ်ခွေ၊ မြစ်မင်းရေ။

♠ ပါးပြင်းထထ
တောင်ကျခေါင်ကြီး၊ ချောင်းရေစီး။

♠ သဘာဝတို့
ကာလဒေသ၊ အခြေစလျက်
ဗီဇလွှမ်းခြုံ၊ ဓလေ့ဘုံဝယ်
တွေ့ကြုံဖြတ်သန်း၊ စရိုက်လွှမ်းသည်
သူ့လမ်းကိုယ့်လမ်း၊ ကိုယ့်စခန်း။ ။

❖ ❖ ❖ ❖

## အားသစ်ဖူးသည့် နွေဦးရိပ်

♠ တစ်နွေငယ်သစ်ပါလို့
မြပုရစ်တို့ အလှဆင်
မြူနှီးရယ်လွှင်သည်
နယ်ရှစ်ခွင်သဘာဝရယ်နှင့်
သာယာလှတဲ့ လကိုလေ။

♠ စေတနာရယ်ဖြူ သဒ္ဓါတူနှင့်
ဝိုင်းကူကာဆင်နွှဲ ရှင်ပြုပွဲတို့
အားခဲကာပျော်၊ ဘဝမော်လျက်
ပေါင်းဖက်ကြည်မွေ့၊ ဘယ်မှာမေ့လိမ့်
ရပ်ဓလေ့မှုဟန်၊ စည်ဖြောသံညံတော့တယ်
နိုင်ငံကျော့ ပြည်တစ်ခွင်မှာ
မိုပယ္ဍိစရာ နွေအဦးမို့
ကြည်နူးတယ်လေ။ ။

❖ ❖ ❖ ❖

## နွေရတု

♠ တစ်ရံမဆိတ်၊ ကံအတိတ်ဟု
အံကြိတ်သည်းခံ၊ လောကစံတို့
ဇောပြန့်ချွေးနှစ်၊ တွေးမစစ်တော့
ခွေးရစ်ရောမဟုတ်ပါ။

♠ အကြောင်းမသိ၊ မပေါင်းမိခဲ့
ကောင်းသည့်အရော၊ စောင်းကြည့်ရာမှ
စေတနာလွှမ်း။ ရေကြာပန်းသို့
ပင်ပန်းမရှိ၊ ရှင်လန်းသီ။

♠ တရားအရှိ၊ အမှားသိ၍
ကြွားမိခုမျာ။ တုအမှားတို့
မှသားနယ်မှာ၊ တွယ်အတာနှင့်
ထည်ဝါဆန်းပြား၊ လမ်းသလားခဲ့။

♠ မသိမသန့်၊ ဆိုးအညံ့တို့
တိုးနှံ့ပြန့်ပွား။ အခံ့သားပင်
ဟန့်တားထိတ်မြင်၊ စိတ်အစဉ်ဝယ်

ဝိတ်ပင်လေသင့်၊ မကြွေလင့်ခင်
နေသင့်နေရာ၊ မြေမြေရာ
ဝေးသင့်ဝေးရာ စေစေရာ။ ။

❖ ❖ ❖ ❖

## သားမြတ်ရတနာ

♠ ငိုဘိရယ်ဘိ၊ ထူးခြား၏
အရိုကေန်၊ ခွင့်ဆိုပန်
အမှန်သိချင် - အိုမိခင်။

♠ ရင်သွေးရင်နှစ်၊ မေ့သားချစ်
မင်းဖြစ်ဖို့မှန်၊ ဝေကန်
ရယ်ပြန်လေချင်၊ ငိုပြန်ချင်။

♠ ရယ်ခြင်းငိုခြင်း၊ ထိုအခင်း
ရှင်းလင်းပြရန်၊ ခွင့်ဆိုပန်
အမှန်သိချင် - အိုမိခင်။

♠ မင်းဖြစ်မှာသိ၊ ရယ်မောမိ
မိခင်အပေါ်၊ အချစ်လျော့သော်
တွေးမျှော်ကြည့်လျှင်၊ ငိုသည်ပင်။

♠ ရွှေသွေးရင်နှစ်၊ မေ့သားချစ်
မင်းဖြစ်သည့်မှန်၊ နိမိတ်ဟန်
သဏ္ဍာန်သိချင် - အိုမိခင်။

♠ စွယ်သွားနှစ်ချောင်း။ ရှည်သွယ်ပြောင်း
လမ်းကြောင်းအမှန်၊ မင်းဖြစ်ရန်
ဉာဏ်အမြော်မြင်၊ ဟန်အသွင်။

♠ မင်းအဖြစ်ကို၊ မယူလို
ရှယ်ဒိုမိခင်၊ လုပ်ကျွေးချင်
သန့်စင်ဉာဏ်အား၊ မစဉ်းစား
စွယ်အားနှစ်ချောင်း၊ ရိုက်ချိုးပြောင်း
မင်းလောင်းသည်ပင်၊ မြတ်လမ်းစဉ်
သားကောင်းပီပြင်၊ အလှဆင်
စိတ်ချမ်းသာပေါ့ - ဒိုမိခင်။ ။

❖ ❖ ❖ ❖

## အရိုင်းမြေ

♠ နိမ့်ကျသည့်မြင်
ဖိချင်လေ၏။

♠ အားနည်းသူအား
သနားကင်းဘိ။

♠ ဟာကွက်ပျော့ကွက်
နင်းတက်လို့ဖိ။

♠ ငုံ့မကွက်
ရက်စက်တောရိုင်းကြည့်။ ။

❖ ❖ ❖ ❖

## နွယ်

♠ အခေါင်အညွန့် တလွန့်လွန့်နှင့်
မတွန့်မဆုတ်၊ နောက်မရုတ်ဘူး
ကုတ်ကပ်တွယ်ငင်၊ နွယ်တစ်ပင်။

♠ အနှစ်ရှိသည်၊ မရှိသည်ဟု
ပင်စည်နှယ်ျိ အပင်အိုဟု
ချိုသည်လေလော။ အခါးလားဟု
ဆူးများခက်ထန်၊ မခက်ထန်ဟု
သိဉာဏ်သုံးသပ်၊ မဆုံးဖြတ်ဘဲ
နီးစပ်မှုတွင်၊ မရှောင်ကြဉ်ဘဲ
တွယ်ငင်ငြိကပ်၊ နွယ်ရစ်ပတ်
စွဲမြဲမပြတ်၊ အထပ်ထပ်။

♠ လောကဝန်းကျင်၊ လူတို့တွင်လည်း
ချစ်ခင်နှစ္သျ သမုဒယနှင့်
နီးကြွအစဉ်၊ သံယောဇဉ်တို့
မဆင်မခြင်၊ တွယ်ကာငင်
ရစ်ပတ်သည့်ဉာဉ် နွယ်တစ်ပင်။ ။

❖ ❖ ❖ ❖

## အလွမ်းတို့ရာသီ

♠ လွမ်းမိသေးသည်၊ တို့ရွာဆီဌ
ရာသီမိုးဦး၊ စံပယ်ဖူးနှင့်
ရှင်မြူးတွယ်တာ၊ မြတ်နိုးစွာဖြင့်
ယာမြေလုပ်ငန်း။ အားအစွမ်းတို့
ပင်ပန်းမဖြုံ၊ ဓလေ့ခြုံသည်
ရိုးဂုဏ်အလှ ဆင်သောကြောင့်။

♠ လွမ်းမိသေးသည်၊ တို့ရွာဆီဌ
ရာသီဆောင်းဦး၊ သဇင်ဖူးနှင့်
ကြည်နူးဖွယ်ရာ၊ နှင်းဝေဖြာ၍
ယာမြေမိုးမို့၊ သီးနှံညို့လျက်
မချို့ရိပ်မြုံ သင်းနံ့ထုံသည်
ကြိုးဂုဏ်နှစ်ဆ ခင်သောကြောင့်။

♠ လွမ်းမိသေးသည်၊ တို့ရွာဆီဌ
ရာသီနွေဦး၊ တမာဖူးနှင့်
တွန်ကျူးညသြ၊ မြိုင်တစ်ကြောဝယ်
စည်ဖြောသံလွင်၊ နယ်ဝန်းကျင်၌

ရှင်မြူပွဲဘုံ၊ ပေါင်းစုဆုံသည်
မျိုးဂုဏ်ဘာဝ ယှဉ်သောကြောင့်။ ။

❖ ❖ ❖ ❖

## ဘ၀ထဲမှာ

♠ လောဘရမ္မက်
ရတက်မအေး ဆူဆူဝေ
အပူနွေသောကမီးနှင့်
အမြတ်ကြီးစား မလိမ့်တစ်ပတ်
ခေါင်းပုံဖြတ်အနိုင်ယူ။

♠ ဘယ်သူသေသေ
ငတေမာ ချမ်းသာရေး
သည်အတွေး သည်အမြင်
အတ္တယှဉ် ကိုယ်ကျိုးဖက်
အစွန်းထွက် စီးပွားဖြစ်
ကောက်ကျစ်သည့်မှု။

♠ ခေါင်းမော့မော့
ရင်ကိုကော့ တလူလူ
ဟိတ်ဟန်ထူ ဂုဏ်ယူလျက်။

♠ သနားငဲ့ညှာ
မသမာ ရှောင်ကြဉ်အထူး

ကိုယ့်ဒူးကိုယ်ချွန်
ကိုယ့်အားသွန်ဖြောင့်မှန်တရား
လက်ကိုင်ထားကြိုးစား
ရှိသားစွာရှာဖွေသမျှ
လောကကို အလှဆင်မြဲ
ဘဝထဲ ရဲတလှလှ
ဟိတ်ဟန်မထူ
ကြည်ဖြူစွာငါ ဂုဏ်ယူလျက်။ ။

❖ ❖ ❖ ❖

# မြတ်ဆရာ

♠ စဉ်းစား မနှေး
အထင်းသား မွှေး
ဟင်းစားမပေး ရပ်တကာ။

♠ ညွှန်အကွက်ချ
ထွန်ယက်အလှ
ချွန်ထက်ကြဖို့
ကွန်ချက် ပြသည့်မြတ်ဆရာ။ ။

❖ ❖ ❖ ❖

# ရှာပါမိုး

♠ နွေအိပ်မက်ဆိုး၊ လူလွန်နိုးအောင်
ကြိုးဆင်ကာရှာပါမို။

♠ တောညိုတောင်ရိုး၊ ငိုက်မညိုးအောင်
ကြိုးဆင်ကာ ရှာပါမို။

♠ ပန်းဖူးငုံကြွ၊ ရောင်စုံလှအောင်
ကြိုးဆင်ကာ ရှာပါမို။

♠ လယ်ယာစိမ်းမြ ယိမ်းနွဲ့လှအောင်
ကြိုးဆင်ကာ ရှာပါမို။

♠ ကန်ရေချောင်းရို။ စမ်းရေတိုးအောင်
ကြိုးဆင်ကာ ရှာပါမို။

♠ ကျေးငှက်ရှင်ပျံ။ တေးချိုမြအောင်
ကြိုးဆင်ကာ ရှာပါမို။

♠ အို‥ ရုပ်စုံဖွံ့ဖြိုး။ မုတ်သုံမိုးငဲ့
ကျိုးကျိုမ့်သံချို၊ ရှာမလိုနှင့်

ရှာလိုသည့်ဟန်၊ မှုရာဉာဏ်တို့
ခန့်ပျံ့ကျော်လွှား။ မကာစားဘဲ
အင်အားဖွဲ့မှန်၊ မိုးမြှားတံတို့
တိမ်ယံလည်ဆွဲ၊ မြမျက်ရွှဲဖြင့်
ပုလဲတစ်ကန့်၊ ရွှဲတစ်သန့်ပေါ့
ကြဲဖြန့်ညီညာ ရှာပါမိုး။ ။

❖ ❖ ❖ ❖

# မာနစိတ်


- ပင်စည် ရှည်လျား
  မြင့်မားလို့ မိုးသို့ထောင်။

- ငါမှ ငါဘဝင်ကြွ
  မာန ထွတ်ခေါင်။

- အေးအနိုင်
  ချေးသိပ်လို့ အပန်းပြေအောင်
  စွမ်းအားဆောင်ကြေးကြော်ဟာစ်။

- သို့ကလို
  ကိုယ့်ကိုယ်ကိုယ် မလုံခြုံနှင့်
  သူ့ဟိတ်ဂုဏ်အတွေးဆန်း
  သူ့ရိပ်မြုံ သူမပေးစွမ်း
  ထန်းပင်အဖြစ်။ ။

❖ ❖ ❖ ❖



## ၂၀၀၉ ခုနှစ်၊ ပခုက္ကူဦးအုံးဖေစာပေဆု
## ကဗျာပေါင်းချုပ်ပထမဆုရ
## "ကျော်ကြည်စိမ်းရှင်နှင်းဟင်းပါကဗျာများ"

ရေးသူ - တနည်

မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကန်မြဲကျေးရွာအုပ်စုမြို့ရွာဗွဲအေး ဦးဘိုအေး၊ ဒေါ်ရွှေဥတို့မှ ၁၃၀၉ ခုနှစ် နယုန်လဆန်းတွင် မွေးဖွားသည်။ ၁၄နှစ်သားတွင် သတ္တမတန်းအောင်မြင်ပြီး သာသနာ့ဘောင်သို့ဝင်ခဲ့သည်။

၁၃၈၈ ၂၀နှစ်နီးဝင်ဘာလေထုတ်မြဝတီမဂ္ဂဇင်းပါ "စာဆိုပန်း" ကဏ္ဍဖြင့်စာပေနယ်သို့ ဝင်ရောက်ခဲ့ပြီးစာနယ်ဇင်းများတွင် ကဗျာ၊ ဝတ္ထု၊ဆောင်းပါးများ ရေးသားခဲ့သည်။

နိုင်ငံတော်အဆင့် စာပေပြိုင်ပွဲများတွင် စာပေဆု (၁၀) ဆု ရရှိခဲ့သည်။ ၁၉၉၆ခုနှစ်တွင် "ရွှေပြည်နန်းကပန်းကလေးများ" ကဗျာစာအုပ် ထုတ်ဝေခဲ့သည်။စာပေဗိမာန်စာမူပြိုင်ပွဲ ပခုက္ကူဦး အုံးဖေစာမူဆုပြိုင်ပွဲများ၊ အမျိုးသားစာပေဆုများရရှိခဲ့ဖူးသည်။ "ဗီဇအလင်းငှက်ကဗျာများ" စာအုပ်ဖြင့် ၂၀၀၅ခုနှစ်အတွက်အမျိုးသားစာပေကဗျာပေါင်းချုပ်ဆုကိုရရှိခဲ့သည်။

ပဓာနနာယကဆရာတော်အဖြစ်စာပေပရိယတ္တိပို့ချခြင်း၊စာပေရေးသားခြင်းများပြုလုပ်လျက်ရှိသည်။ ဘွဲ့တော်မှာဘဒ္ဒန္တဝ နဖြစ်ပြီးအရှေ့ကုန်းမြို့နယ်၊၁-ရပ်ကွက်၊မေ့ရကွိဒ္ဓိတာစာသင်တိုက် တွင်သီတင်းသုံးလျက်ရှိသည်။

အမည်ရင်းမှာ-ဦးဇဝနဖြစ်သည်။

သီတင်းသုံးသည့်ကျောင်းတိုက်-မေ့ရကွိဒ္ဓိပရိယတ္တိစာသင်

တိုက်၊၁-လမ်း၊၁-ရပ်ကွက်၊

သမိုင်းအရှေ့ကုန်းမြို့နယ်၊

ရန်ကုန်တိုင်း။